# First ELEVEN SPORTS JOURNAL

NO.4 VOLUME 15 3 - 7 - 2014 THURSDAY




ဘောလုံးအသင်းတစ်သင်းဆိုတာ ကစားသမား(၁၁)ယောက်ကစားတဲ့ ကစားနည်းဖြစ်ပေမယ့် တစ်ဦးတစ်ယောက်ချင်းရဲ့အရည်အချင်းကွာခြားမှုအရ တချို့အသင်းတွေကတော့ ကစားသမားတစ်ဦးတည်းရဲ့ စွမ်းရည်ကို မှီခိုရတာမျိုးတွေ ရှိတတ်ပါတယ်။ ဒါပေမဲ့ မှီမိအားကိုးမှီခိုတဲ့ကစားသမား ဒဏ်ရာရ၊ ပွဲပယ်ပြဿနာတွေနဲ့ မကစားနိုင်တဲ့အခါ၊ အဓိကအားထားရတဲ့ ဒီကစားသမားကို နောက်ကကစားသမားတွေက ဝန်းရံပံ့ပိုးမှုအပြည့်အဝ မပေးနိုင်တဲ့ အခါမျိုးတွေမှာ အသင်းတွေဟာ ကျရှုံးမှုကို ရင်ဆိုင်ရလေ့ရှိကြပါတယ်။ လက်ရှိကျင်းပနေတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဒီဥပမာကို ပေါ်တူဂီ၊ ဥရုဂွေးအသင်းတွေက သက်သေပြခဲ့ပြီး အိမ်ရှင်ဘရာဇီးလ် အသင်းတောင် နောက်ဆုံးအချိန်ထိ ရုန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။ ပေါ်တူဂီအသင်းမှာ ကမ္ဘာ့အကောင်းဆုံး စီရော်နယ်လ်ဒိုကို အသင်းဖော် တွေက ပံ့ပိုးမှုအပြည့်အဝမပေးနိုင်သလို၊ စီရော်နယ်လ်ဒို ကိုယ်တိုင် ဒဏ်ရာပြဿနာနဲ့ရင် ဆိုင်ရချိန်မှာ ပေါ်တူဂီအသင်းအတွက် ၂၀၁၄ကမ္ဘာ့ဖလား မှတ်တမ်းဟာ အုပ်စုအဆင့်သာဖြစ်ခဲ့ရ ပါတယ်။ ဥရုဂွေးအသင်းမှာလည်း ဆွာရက်ဇ်မပါရင် မနိုင်ဘူးလို့ဆိုရလောက်အောင် ဥရုဂွေးနဲ့ ဆွာရက်ဇ် ထပ်တူကျနေတာကို ပရိသတ်တွေတွေ့ရမှာပါ။ အုပ်စု အဖွင့်ပွဲစဉ် ကော်စတာရီကာနဲ့ပွဲမှာ ကြံ့ခိုင်မှုပြဿနာကြောင့် ဆွာရက်ဇ်မပါ ဝင်နိုင်ခဲ့ရာမှာ ဥရုဂွေးအသင်းဟာ (၁-၃)ဂိုးနဲ့အရှုံးနိမ့်ခဲ့ပြီး နောက်ပွဲစဉ်(၂)ပွဲမှာတော့ ဆွာရက်ဇ်ပြန်ကစားရာမှာ အင်္ဂလန်၊ အီတလီအသင်းတွေကို အနိုင်ရခဲ့ပါတယ်။ ရှုံးထွက် (၁၆)သင်းအဆင့်ပွဲစဉ်မှာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ဆွာရက်ဇ်မပါဝင်နိုင်ခဲ့တဲ့ ဥရုဂွေးအသင်းဟာ အသင်းလိုက်စုစည်းမှုကောင်းတဲ့ ကိုလံဘီယာကို(၀-၂)ဂိုးနဲ့ ရှုံးနိမ့်ပြီး ပြိုင်ပွဲကနေ ထွက်ခဲ့ရပါတယ်။

ဒီပွဲမတိုင်ခင် ကစားခဲ့တဲ့ ဘရာဇီးလ်-ချီလီပွဲမှာလည်း အိမ်ရှင်ဘရာဇီးလ်အသင်းဟာ ပွဲချိန်မိနစ်(၁၂၀)လုံးလုံး ရုန်းကန်ခဲ့ရပြီး ကံကြမ္မာဖေးမမှုကြောင့်သာ ပယ်နယ်တီ အဆုံးအဖြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဘရာဇီးလ် အသင်းဟာ အုပ်စုအဆင့်ကတက်ရောက်လာရာမှာ အဓိကတိုက်စစ်မှူးနေမာရဲ့သွင်းဂိုးတွေကိုသာ အဓိကအားကိုး ခဲ့ရပြီး ချီလီနဲ့ပွဲမှာ နေမာ ဒဏ်ရာကြောင့် ကစားအားကျသွား ချိန်မှာ အသင်းကလည်း ဂိုးရဖို့ အတော်ရုန်းကန်ခဲ့ရတာကို တွေ့ရမှာဖြစ်ပါတယ်။ ပေါ်တူဂီ၊ ဥရုဂွေး၊ ဘရာဇီးလ်အသင်း တွေထက် ဒီကမ္ဘာ့ဖလားမှာ တစ်ဦးတစ်ယောက်တည်းကို ပိုမိုအားကိုးနေရတဲ့အသင်းတစ်သင်းရှိပါတယ်။ အဲဒါကတော့ ဗိုလ်စွဲဖို့ ဒုတိယနေရာကရေပန်းစားနေတဲ့ အာဂျင်တီးနားပဲဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ အုပ်စုအဆင့်က တက်ရောက်လာရာမှာ သွင်းဂိုး(၆)ဂိုးရှိ ခဲ့ပြီး (၄)ဂိုးကို မက်ဆီကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အုပ်စုအဆင့်မှာ ရာနှုန်းပြည့်(၉)မှတ်ရရှိခဲ့ပေမယ့် အရေးပါတဲ့အနိုင်ဂိုးတွေကို မက်ဆီကသာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အာဂျင်တီးနားအသင်းမှာလည်း မက်ဆီသာ ဒဏ်ရာရ၊ ပွဲပယ်ပြဿနာတွေနဲ့ ကြုံတွေ့ခဲ့ရင် အသင်းအနေနဲ့ ရုန်းကန်ရဖို့ရှိနေပြီး ချန်ပီယံအိပ်မက်ကို ထိခိုက်နိုင်တဲ့အလားအလာတွေရှိနေပါတယ်။ စီရော်နယ်လ်ဒို၊ ဆွာရက်ဇ်၊ နေမာ၊ မက်ဆီအစရှိတဲ့ အရည်အသွေးမြင့် ကစားသမားတွေကို မှီခိုအားထားလွန်း တဲ့အသင်းတွေထဲမှာ (၂)သင်းကတော့ ကျရှုံးသွားခဲ့ရပြီး တစ်သင်းကတော့ ကွာတားဖိုင်နယ်ကိုရောက်ရှိအောင် အတော့်ကို ကြိုးစားရုန်းကန်ခဲ့ရပါတယ်။ ဒါကြောင့် ကစားသမားတစ်ဦးတစ်ယောက်တည်းကို အားကိုးတဲ့အသင်းတွေရဲ့ ဖြစ်ရပ်တွေက မက်ဆီရဲ့သွင်းဂိုးတွေအပေါ်အားထားနေရတဲ့ အာဂျင်တီးနားအသင်းအတွက်လည်း သင်ခန်းစာကောင်းတစ်ခုဖြစ်နေပြီး One Man Team ဆိုတဲ့ သတ်မှတ်ချက်ကနေ ဂွတ်ပြောက်အောင် ကျန်တိုက်စစ်ကစားသမားတွေက ခြေစွမ်းပြ ဂိုးသွင်းနိုင်မလားဆိုတာ အင်္ဂါနေ့ (မြန်မာစံတော်ချိန် ည ၁၀း၃၀နာရီ)မှာကစားမယ့် အာဂျင်တီးနား-ဆွစ်ဇာလန်ပွဲကို စောင့်ကြည့်ရမှာပါ. . .

# ONE MAN TEAM တွေအတွက် သင်ခန်းစာ

## ၂၀၁၄ကမ္ဘာ့ဖလား ရှုံးထွက်(၁၆)သင်းအဆင့်

| | |
|---|---|
| ၁-၇-၁၄(မြန်မာစံတော်ချိန် အင်္ဂါနေ့ည ၁၀း၃၀နာရီ)<br>အာဂျင်တီးနား-ဆွစ်ဇာလန် | ၂-၇-၁၄(မြန်မာစံတော်ချိန် ဗုဒ္ဓဟူးနေ့နံနက် ၂း၃၀နာရီ)<br>ဘယ်လ်ဂျီယံ-အမေရိကန် |

ကမ္ဘာ့ဖလားအထူးအချပ်ပို (၄)မျက်နှာပါရှိပါသည်။

First ELEVEN SPORTS JOURNAL

# ဟာရဲရား၊ လုခ်ရှောတို့ကို ပေါင်သန်း(၆၀)ကျော်အသုံးပြုဝယ်ယူပြီးနောက် ဗီဒယ်လ်၊ ဆန်းချက်ဇ်၊ အင်ဒီတို့ကိုထပ်မံခေါ်ယူရန် မန်ယူစီစဉ်နေ

## ဗန်ဟားလ်၏ မန်ယူအသင်းသစ်ဖြစ်နိုင်ဖွယ်လူစာရင်းကို Daily Mail ဖော်ပြ



Photo : AFP

မန်ယူအသင်းသည် စပိန်ကလပ်ဘီလ်ဘာအိုအသင်းမှ စပိန်ကွင်းလယ်လူ ဟာရဲရား၊ ဆောက်သမ်တန်အသင်းမှ အင်္ဂလန်လက်ရွေးစင်နောက်ခံလူ လုခ်ရှောတို့ကို ပေါင်သန်း(၆၀)ကျော်အသုံးပြုကာ ဝယ်ယူပြီးနောက် နောက်ထပ်ကစားသမားကောင်းများစွာ ထပ်မံခေါ်ယူရန်စီစဉ်နေကြောင်း သိရှိရသည်။

မန်ယူအသင်းသည် ဟာရဲရားအတွက် ပေါင်(၂၉)သန်းအသုံးပြုခဲ့ပြီး လုခ်ရှောအတွက် ပေါင်(၃၁ ⋅ ၅)သန်းအသုံးပြုခဲ့ရကာ ၎င်းကစားသမား(၂)ဦးစလုံးကို အပြီးသတ်စာချုပ်များချုပ်ဆိုခဲ့ပြီးဖြစ်သည်။ ယခုမန်ယူအသင်းသည် ဂျူဗင်တပ်စ်အသင်း၏ ချီလီလက်ရွေးစင်ကွင်းလယ်လူ ဗီဒယ်လ်၊ ဘာစီလိုနာအသင်း၏ ချီလီတောင်ပံကစားသမား အလက်ဆစ်ဆန်းချက်ဇ်တို့ကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသိရှိရသည်။ မန်ယူနည်းပြသစ်ဗန်ဟားလ်သည် ၎င်းချီလီကစားသမား(၂)ဦးအပြင် သူ၏ဟော်လန်လက်ရွေးစင်အသင်းမှ နောက်ခံလူမာတင်စ်အင်ဒီ၊ ဒါရယ်ယန်းမတ်အစရှိသူတို့ကိုလည်း ခေါ်ယူသွားရန် ပစ်မှတ်ထားနေကြောင်း သိရှိရသည်။ ၎င်းကစားသမား(၂)ဦးမှာ ဟော်လန်ကလပ် ဖီယင်နအသင်း၏ကစားသမားများဖြစ်ကြပြီး မာတင်စ်အင်ဒီမှာ ဟော်လန်လက်

| မန်ယူအသင်းထပ်မံခေါ်ယူရန် ကြိုးပမ်းနေသည့် ကစားသမား | | |
|---|---|---|
| ကစားသမား | အသင်း | နိုင်ငံ |
| ဗီဒယ်လ် | ဂျူဗင်တပ်စ် | ချီလီ |
| ဆန်းချက်ဇ် | ဘာစီလိုနာ | ချီလီ |
| ဗာမယ်လန်း | အာဆင်နယ် | ဘယ်လ်ဂျီယံ |
| မာတင်စ်အင်ဒီ | ဖီယင်နို | ဟော်လန် |
| ဒါရယ်ယန်းမတ် | ဖီယင်နို | ဟော်လန် |
| စတီဖန်ဒီဗရီ | ဖီယင်နို | ဟော်လန် |
| ဒါလေးဘလိုင်း | အေဂျက်စ် | ဟော်လန် |
| စထရုမန်း | ရိုးမား | ဟော်လန် |

ရွေးစင်အသင်းအတွက် (၁၉)ပွဲကစားထားကာ ယန်းမတ်က (၂၀)ပွဲကစားထားသည်။

မန်ယူနည်းပြသစ် လူးဝစ်ဗန်ဟားလ်သည် သူ၏အသင်း၌ ဘရာဇီးလ်နောက်ခံလူ ရာဖေးလ်၊ အင်္ဂလန်ကွင်းလယ်လူ မိုက်ကယ်ကာရစ်နှင့် ဘယ်လ်ဂျီယံကွင်းလယ်လူ ဖယ်လေနီတို့ကို နေရာပေးတော့မည်မဟုတ်ဘဲ ၎င်းကစားသမားများဖြင့် အစားထိုးသွားရန် ရည်ရွယ်ထားကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။ ထို့ပြင် Daily Mail သတင်းစာက မန်ယူအသင်းအတွက် ဗန်ဟားလ် ရည်ရွယ်ထားသည့်ကစားသမားအခင်းအကျင်းကိုလည်း ဖော်ပြခဲ့သည်။ ၎င်းပထမကစားသမား(၁၁)ယောက်တွင် ယခင်လူဟောင်းကစားသမားများထဲမှ (၅)ဦးသာပြန်လည်ပါဝင်လာပြီး ၎င်းတို့မှာ ဂိုးသမားဒီဂီယာ၊ နောက်ခံအတွင်းလူစမောလင်း၊ တောင်ပံကစားသမား မာတာနှင့် တိုက်စစ်မှူးရွန်နီ၊ ဗန်ပါစီအစရှိသူတို့ဖြစ်ကြသည်။ ဗန်ဟားလ်သည် လက်ရှိသူနည်းပြနေသော ဟော်လန်အသင်းမှ မာတင်စ်အင်ဒီ၊ ယန်းမတ်တို့အပြင် အခြားသောဒတ်ချ်ကစားသမားများကိုလည်း ခေါ်ယူရန်မျက်စိကျနေကြောင်း ဗြိတိန်သတင်းစာများက ဖော်ပြခဲ့ကြသည်။

■ ■ ■

## BRIEF

■ ချယ်လ်ဆီးအသင်း၏တိုက်စစ်မှူးဒမ်ဘာဘားကိုခေါ်ယူရန် ပရီးမီးယားလိဂ်တန်းတက် QPR အသင်းက ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

■ QPR တိုက်စစ်မှူးရီမီကိုခေါ်ယူရန် စပါးအသင်းသည် မြို့ခံပြိုင်ဘက်အာဆင်နယ်အသင်းနှင့် အပြိုင်ကြိုးပမ်းသွားဖွယ်ရှိနေကြောင်း သိရသည်။

■ အာဆင်နယ်အသင်းသည် ပေါ်တိုအသင်း၏တိုက်စစ်မှူးဂျက်ဆင်မာတီနက်ဇ်အားခေါ်ယူရန်ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

■ ချယ်လ်ဆီးအသင်းနှင့်လမ်းခွဲခဲ့သူလမ်းပတ်သည် အမေရိကန်ကလပ်နယူးယောက်စီးတီးနှင့် စာချုပ်ချုပ်ဆိုရန်စီစဉ်နေပြီး လာမည့်ရာသီဝက်ကို ချယ်လ်ဆီးအသင်းတွင် အငှားစာချုပ်ဖြင့် ပြန်လာကစားဖွယ်ရှိနေကြောင်း သိရသည်။

■ မန်ယူအသင်းတွင် နေရာပျောက်ဖွယ်ရှိနေသည့် ပြင်သစ်နောက်ခံလူအီဗရာကိုခေါ်ယူရန် စီးရီးအေကလပ်ဂျူဗင်တပ်စ်အသင်းက ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

■ နာပိုလီအသင်းသည် ဆွမ်ဆီးအသင်း၏ စပိန်တိုက်စစ်မှူးမီချူးကိုခေါ်ယူနိုင်ရန်နီးစပ်နေပြီး ဆေးစစ်ဆေးရန်စီစဉ်လျက်ရှိနေကြောင်း သိရသည်။

■ အက်စတွန်ဗီလာအသင်း၏ တိုက်စစ်မှူး ဒါရင်းဘန့်အားခေါ်ယူရန် တူရကီကလပ်အသင်းများဖြစ်သည့် ထရတ်ဇွန်စပေါ၊ ဗီနာဘာချီအသင်းတို့က ပစ်မှတ်ထားနေကြောင်း သိရသည်။

# စံချိန်တင်ပြောင်းရွှေ့ကြေးသည် မိမိအပေါ် ဖိအားဖြစ်စေမည်မဟုတ်ဟု ကမ္ဘာ့ကြေးအကြီးဆုံးလူငယ်ကစားသမားဖြစ်လာသူ လုခ်ရှော ဆို




ဆောက်သမ်တန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင်(၃၁ ⋅ ၅)သန်းဖြင့်ပြောင်းရွှေ့လာခဲ့သည့် အင်္ဂလန်လက်ရွေးစင်နောက်ခံလူလုခ်ရှော(၁၈နှစ်)က ယင်းစံချိန်တင်ပြောင်းရွှေ့ကြေးသည် မိမိအပေါ် ဖိအားဖြစ်စေလိမ့်မည်မဟုတ်ဟု ပြောကြားခဲ့သည်။ လုခ်ရှောသည် မန်ယူအသင်းတွင် ကွင်းလယ်လူမာတာအပြီး ကြေးအကြီးဆုံးကစားသမားဖြစ်လာသလို၊ ကမ္ဘာပေါ်တွင် ကြေးအကြီးဆုံးလူငယ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

လုခ်ရှောသည် မန်ယူအသင်းနှင့် (၄)နှစ်စာချုပ်ချုပ်ဆိုခဲ့ပြီး သူရောက်ရှိလာခြင်းကြောင့် အသင်း၏ဘယ်နောက်ခံလူအီဗရာမှာ နေရာပျောက်ဖွယ်ရှိနေကြောင်း သိရသည်။ လုခ်ရှောက မန်ယူကိုပြောင်းရွှေ့ရခြင်းအတွက် စိတ်လှုပ်ရှားမိကြောင်းနှင့် အသင်းဟောင်းဆောက်သမ်တန်အသင်းကိုလည်း ကျေးဇူးတင်ကြောင်းပြောကြားခဲ့သည်။

"ကျွန်တော် အခုချိန်မှာ အလွန်ပျော်မြူးပြီး စိတ်လှုပ်ရှားနေပါတယ်။ ကျွန်တော် (၈)နှစ်သားကတည်းက ဆောက်သမ်တန်အသင်းမှာကစားခဲ့တာပါ။ ဒီအသင်းနဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်"ဟု လုခ်ရှောက ပြောကြားခဲ့သည်။




# ကမ္ဘာ့ဖလားတွင် အရှက်ရဖွယ်လုပ်ရပ်ကြောင့် ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသော်လည်း ဆွာရက်ဇ်အား ဥရုဂွေးပရိသတ်များသောင်းသောင်းဖြဖြကြိုဆို

## ဆွာရက်ဇ်၏ပွဲပယ်ပြစ်ဒဏ်နှင့်ပတ်သက်၍ ဗြိတိန်မီဒီယာများကို တာဘာရက်ဇ် ဝေဖန်


ဆွာရက်ဇ်ကိုအားပေးထောက်ခံနေကြသည့် ၎င်း၏ပရိသတ်များ



ပရိသတ်များကို နှုတ်ဆက်နေသည့်ဆွာရက်ဇ်

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အရှက်ရဖွယ်လုပ်ရပ်ကြောင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့် ဥရုဂွေးတိုက်စစ်မှူးဆွာရက်ဇ်အား ဥရုဂွေးပရိသတ်များက လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြကြောင်း ဗြိတိန်ထုတ် Daily Mail သတင်းစာကဖော်ပြခဲ့သည်။

ဆွာရက်ဇ်သည် ပြီးခဲ့သည့်တစ်ပတ်က အီတလီအသင်းနှင့်ကစားခဲ့သောပွဲတွင် ပြိုင်ဘက်နောက်ခံလူ ချီလီနီ၏ ပခုံးအား ကိုက်ခဲ့သဖြင့် ဖီဖာက ၎င်းကို နိုင်ငံတကာပွဲကစားခွင့်(၉)ပွဲပိတ်ပင်ခဲ့ပြီး ဘောလုံးလောကနှင့်ပတ်သက်ဆက်နွယ်ခွင့်အား (၄)လပိတ်ပင်ခဲ့သည့်အပြင် ဒဏ်ငွေအဖြစ် အမေရိကန်ဒေါ်လာ(၁)သိန်းကျော်ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယင်းလုပ်ရပ်အတွက် ဆွာရက်ဇ်မှာ ဗြိတိန်မီဒီယာများနှင့်ဘောလုံးအသိုင်းအဝိုင်းမှ နာမည်ကျော်လူပုဂ္ဂိုလ်များ၏ ဝေဖန်မှုနှင့် ရင်ဆိုင်နေရသော်လည်း ၎င်းကို နိုင်ငံပရိသတ်များက အားပေးထောက်ခံမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆွာရက်ဇ်သည် ပြီးခဲ့သည့်ရက်ပိုင်းက ဥရုဂွေးနိုင်ငံ၊ မွန်တီဗီဒီယိုမြို့အနီး၌ရှိသော

ဆွာရက်ဇ်ကို (၉)ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ဟာဖြစ်သင့်တဲ့ပြစ်ဒဏ်ထက် အများကြီးပုံကြီးချဲ့လွန်းပါတယ်။ ဒီဆုံးဖြတ်ချက်ရဲ့နောက်ကွယ်မှာ ကျွန်တော်တို့ မသိနိုင်တဲ့အကြောင်းတွေရှိမယ်လို့ သံသယဖြစ်မိပါတယ်...

သူ၏ နေအိမ်သို့ပြန်လာသည့်အချိန်တွင် ပရိသတ်များက ၎င်းအား ကြိုဆိုခဲ့ကြခြင်းဖြစ်ပြီး ဆွာရက်ဇ်မှာလည်း ပရိသတ်များကို တရင်းတနှီးလက်ပြ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဆွာရက်ဇ်မှာ ၎င်း၏လုပ်ရပ်အတွက် ဝေဖန်ပြစ်တင်မှုနှင့် ရင်ဆိုင်နေရသော်လည်း ဥရုဂွေးအသင်းနည်းပြတာဘာရက်ဇ်ကမူ ဆွာရက်ဇ်၏ ပွဲပယ်ပြစ်ဒဏ်နှင့်ပတ်သက်၍ ဗြိတိန်မီဒီယာများအပေါ် ဝေဖန် ပြောဆိုမှုများပြုလုပ်ခဲ့သည်။

ဥရုဂွေးအသင်း၏ သတင်းစာရှင်းလင်းပွဲတွင် တာဘာရက်ဇ်က "ဆွာရက်ဇ်ကို(၉)ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ဟာ ဖြစ်သင့်တဲ့ပြစ်ဒဏ်ထက် အများကြီးပုံကြီးချဲ့လွန်းပါတယ်။ ဒီဆုံးဖြတ်ချက်ရဲ့နောက်ကွယ်မှာ ကျွန်တော်တို့မသိနိုင်တဲ့အကြောင်းတွေရှိမယ်လို့ သံသယဖြစ်မိပါတယ်။ ဆွာရက်ဇ်နဲ့ ချီလီနီတို့ရဲ့ဖြစ်ရပ်နောက်ပိုင်း ဒီဖြစ်ရပ်ကို တချို့တွေက အမြင်အမျိုးမျိုးနဲ့ တိုင်းတာကြပါတယ်။ အပြစ်ပေးတာတွေ၊ စွဲချက်တင်တာမျိုးတွေကိုလုပ်လို့ရပါတယ်။ ဒါပေမဲ့ တာဝန်ရှိသူတွေအနေနဲ့ ပြစ်ဒဏ်ချမှတ်ခံရသူဘက်က ဘာပြန်ပြောမလဲဆိုတာကိုတော့ ဂရုစိုက်နားထောင်သင့်ပါတယ်"ဟု ပြောကြားခဲ့သည်။ ထို့ပြင် တာဘာရက်ဇ်သည် ဆွာရက်ဇ်အား ဖီဖာကပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ပြီးနောက် ဖီဖာနည်းစနစ်ကော်မတီအဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ခဲ့ကြောင်းသိရသည်။

## အမေရိကန်-ဂျာမနီပွဲကို ရုပ်သံမှတစ်ဆင့်ကြည့်ရှုသည့် အမေရိကန်ပရိသတ်စုစုပေါင်း (၁၅)သန်းကျော်အထိရှိခဲ့

အမေရိကန်နှင့်ဂျာမနီအသင်းတို့ ကစားခဲ့သော အုပ်စု(G)နောက်ဆုံးပွဲစဉ်ကို အမေရိကန်နိုင်ငံတွင် ရုပ်သံမှတစ်ဆင့်ကြည့်ရှုသည့် ပရိသတ်စုစုပေါင်း(၁၅)သန်းကျော် အထိရှိခဲ့ကြောင်းသိရသည်။

နာမည်ကျော် ရုပ်သံလိုင်းတစ်ခုဖြစ်သည့် ESPN ရုပ်သံမှ ထုတ်ပြန်ကြေညာချက်အရ အဆိုပါပွဲတွင် ပထမပိုင်းအပြီးမှာပင် ရုပ်သံမှတစ်ဆင့်ကြည့်ရှုသည့်ပရိသတ်အရေအတွက်(၁၂)သန်းကျော်ရှိခဲ့ပြီး စပိန်ဘာသာဖြင့်ထုတ်လွှင့်နေသည့် Univision ရုပ်သံလိုင်းတွင်မူ ယင်းပွဲကိုကြည့်ရှုသူ ပရိသတ်အရေအတွက် (၃.၄)သန်းအထိရှိကြောင်းလည်းသိရသည်။ ထို့ပြင် အမေရိကန်နိုင်ငံတွင် ဘောလုံးပွဲစဉ်များကို အားပေးကြည့်ရှုသူပရိသတ်အရေအတွက်မှာ ယခင်ကထက် ပိုမိုများပြားလာကြောင်း ESPN ရုပ်သံက ထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သည့် ကမ္ဘာ့ဖလားအုပ်စုအဖွင့်ပွဲစဉ်(၄၈)ပွဲကို ESPN ရုပ်သံလိုင်းတွင် ကြည့်ရှုသူမှာ (၃)သန်းကျော်ရှိခဲ့ပြီး ၂၀၁၀ကမ္ဘာ့ဖလား၌(၂)သန်းခွဲနီးပါး၊ ၂၀၀၆ကမ္ဘာ့ဖလားတွင် (၁)သန်းကျော်သာရှိခဲ့ကြောင်းလည်းသိရသည်။




## နိုက်ဂျီးရီးယားကစားသမားများ ဆုကြေးငွေရရှိမည်

ကမ္ဘာ့ဖလားဆုကြေးငွေကိစ္စနှင့်ပတ်သက်၍ အဆင်မပြေဖြစ်နေသည့် နိုက်ဂျီးရီးယားဘောလုံးအဖွဲ့ချုပ်နှင့် လက်ရွေးစင်အသင်းအကြား ပြေလည်မှုရရှိသွားပြီဖြစ်ကြောင်းသိရသည်။ နိုက်ဂျီးရီးယားအသင်းသည် ပြီးခဲ့သည့်ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲမှ ဆုကြေးများအပြင် ယခုကမ္ဘာ့ဖလားအတွက် ဆုကြေးများမရရှိသေးသော်လည်း လက်ရှိအချိန်၌ အဆင်ပြေသွားပြီဟုသိရသည်။

## ဘယ်လ်ဂျီယံနောက်ခံလူ ဗန်ဒန်ဘော်ရီ ဒဏ်ရာရရှိ

ဘယ်လ်ဂျီယံအသင်းဘယ်နောက်ခံလူ ဗန်ဒန်ဘော်ရီသည် ဒဏ်ရာပြဿနာကြောင့် ရှုံးထွက်(၁၆)သင်းအဆင့်ပွဲကို လွဲချော်မည်ဖြစ်ကြောင်းသိရသည်။ ဗန်ဒန်ဘော်ရီသည် တောင်ကိုရီးယားနှင့်ကစားခဲ့သော အုပ်စုနောက်ဆုံးပွဲတွင် ခြေသလုံးအရိုး၌ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး အမေရိကန်နှင့်ကစားမည့်ရှုံးထွက်အဆင့်ပွဲကို လွဲချော်မည်ဖြစ်သည်။

## ဆွာရက်ဇ်အတွက် စိတ်မကောင်းဟု ချီလီနီဆို

အီတလီအသင်းနောက်ခံလူချီလီနီက မိမိကိုကိုက်ခဲ့သည့်အတွက် (၄)လပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့် ဆွာရက်ဇ်အတွက် စိတ်မကောင်းဖြစ်သည်ဟု ဝန်ခံပြောကြားခဲ့သည်။ သူ၏ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွင် ချီလီနီက ယခုအချိန်၌ မိမိစိတ်ထဲတွင် ဆွာရက်ဇ်နှင့်ပတ်သက်၍ ဝမ်းသာခြင်း၊ လက်စားချေလိုခြင်း၊ ဒေါသထွက်ခြင်းတို့မရှိတော့ကြောင်း ရေးသားခဲ့သည်။

First Eleven Sports Journal Vol:15 No.4 3, July, 2014




## အယ်လ်တီဒိုး ပါဝင်နိုင်ရန် ကလင်းစမန်း မျှော်လင့်

အမေရိကန်အသင်းနည်းပြကလင်းစမန်းက ဘယ်လ်ဂျီယံနှင့် ကစားမည့်ရှုံးထွက်(၁၆)သင့်အဆင့်ပွဲတွင် အားထားရသည့်တိုက်စစ်မှူး အယ်လ်တီဒိုး ပါဝင်နိုင်မည်ဟုမျှော်လင့်မိကြောင်း ဝန်ခံ ပြောကြားခဲ့သည်။ အယ်လ်တီဒိုးသည် ဂါနာနှင့်ကစားခဲ့သော အုပ်စုပွဲ၌ တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ အနားယူနေရသည်။ ကလင်းစမန်းက အယ်လ်တီဒိုး၏ အနေအထားမှာ တိုးတက်နေပြီဖြစ်ပြီး ဘယ်လ်ဂျီယံနှင့်ပွဲတွင်ပါဝင်နိုင်ရန်မျှော်လင့်ကြောင်း ဆိုခဲ့သည်။

## စပိန်ကိုကိုင်တွယ်ရန် ဒဲလ်ဘော့စ်ကိုဂွါဒီယိုလာတိုက်တွန်း

ဘေယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာက စပိန်အသင်းနည်းပြ ဒဲလ်ဘော့စ်အနေဖြင့် အသင်းကို ဆက်လက်ကိုင်တွယ်သွားသင့်ကြောင်း တိုက်တွန်းပြောဆိုခဲ့သည်။ ဒဲလ်ဘော့စ်သည် ယခုကမ္ဘာ့ဖလားအပြီးတွင် နည်းပြရာထူးမှနုတ်ထွက်ဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်နေရာ ဂွါဒီယိုလာက "စပိန်အသင်းဟာ ဒဲလ်ဘော့စ်လိုနည်းပြကောင်းတစ်ဦးကို ပိုင်ဆိုင်ထားတာဖြစ်ပြီး၊ စပိန်အသင်းအတွက် အလိုအပ်ဆုံးနည်းပြတစ်ဦးပါပဲ" ဟု သုံးသပ်ခဲ့သည်။

## ဂါနာအသင်းထံ ဆုကြေးငွေများ သမ္မတပေးပို့ခဲ့ရ

ဂါနာသမ္မတဖြစ်သူ ဂျွန်ဒရာမာနီမဟာမာသည် ပေါ်တူဂီနှင့်ပွဲတွင် ဂါနာအသင်းမှကစားသမားများ ပါဝင်ကစားရန်အတွက် ဆုကြေးငွေများကို ဘရာဇီးလ်သို့ လေယာဉ်ဖြင့်ပေးပို့ခဲ့ရကြောင်းသိရသည်။ ဂါနာအသင်းမှ ကစားသမားများသည်ကမ္ဘာ့ဖလားဆုကြေးငွေများ မရပါက ပေါ်တူဂီနှင့်အုပ်စုနောက်ဆုံးပွဲကို ကစားမည်မဟုတ်ဟု ဆန္ဒပြခဲ့သဖြင့် ဆုကြေးယူရို(၂.၂)သန်းကို ပေးပို့ခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း ဂါနာအသင်းမှာပေါ်တူဂီကိုရှုံးနိမ့်ခဲ့၍အုပ်စုမှထွက်ခဲ့ရသည်။

## စီရော်နယ်လ်ဒိုကို စပို့တင်းလစ္စဘွန်းနည်းပြဟောင်းဝေဖန်

စပို့တင်းလစ္စဘွန်းနည်းပြဟောင်းဖြစ်သူ မန်နွရယ်ဟိုဆေးက ကမ္ဘာ့ဖလားတွင် ပေါ်တူဂီအသင်း အောင်မြင်မှုမရခဲ့၍ စီရော်နယ်လ်ဒိုကို ပြစ်တင်ဝေဖန်ခဲ့သည်။ စီရော်နယ်လ်ဒိုသည်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး မန်နွရယ်ဟိုဆေးက "စီရော်နယ်လ်ဒိုဟာ ကစားသမားကောင်းတစ်ဦးပါ၊ ဒါပေမဲ့ သူပြောတဲ့စကားတွေထဲမှာ အသင်းအပေါ်မှာရော၊ အသင်းဖော်တွေအပေါ်မှာပါ ယုံကြည်မှုမရှိသလိုပါပဲ၊ အသင်းက ကျန်တဲ့ကစားသမားတွေက သူ့ရဲ့ လက်အောက်ငယ်သားတွေလို ဖြစ်နေပါတယ်"ဟုပြောကြားခဲ့သည်။

# ဘရာဇီးလ်နှင့်ချီလီတို့ပယ်နယ်တီကန်နေချိန်တွင် ဘရာဇီးလ် ပရိသတ်တစ်ဦး နှလုံးရောဂါကြောင့် ရုတ်တရက်သေဆုံး

၂၀၁၄ ကမ္ဘာ့ဖလားရှုံးထွက်အဆင့်အဖြစ် ဘရာဇီးလ်နှင့်ချီလီအသင်းတို့ကစားခဲ့သောပွဲတွင် ပယ်နယ်တီအဆုံးအဖြတ်ခံယူနေသောအချိန်၌ ရုပ်သံမှတစ်ဆင့် ကြည့်ရှုနေသော ဘရာဇီးလ်ပရိသတ်တစ်ဦးမှာနှလုံးရောဂါဝေဒနာကြောင့် ရုတ်တရက်သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါပရိသတ်မှာ အသက်(၆၉)နှစ်အရွယ်ရှိပြီဖြစ်၍ ဘရာဇီးလ်ပွဲကိုနီးစပ်ရာ ဘားဆိုင်တစ်ခုတွင် စောင့်ကြည့်ခဲ့ခြင်းဖြစ်ပြီး ပွဲအရှိန်မြင့်တက်လာသည့်အချိန်၌ ရုတ်တရက်လဲကျသွားခဲ့ရာမှ အသက်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ ယင်းပရိသတ်မှာ ဆီးချိုရောဂါဝေဒနာခံစားနေရသူဖြစ်ပြီး ပွဲမတိုင်မီကတည်းက နေထိုင်မကောင်းဖြစ်နေသည်ဟု ၎င်းနှင့်ရင်းနီးသူများကို ပြောကြားခဲ့ကြောင်းသိရသည်။ ၎င်းကို ဆေးရုံသို့အလျင်အမြန်ပို့ဆောင်ပေးခဲ့သော်လည်း အချိန်အနည်းငယ်အတွင်းမှာပင် သေဆုံးခဲ့ခြင်းလည်းဖြစ်သည်။ ဘရာဇီးလ်မီဒီယာများ၏ ဖော်ပြချက်အရ ဘရာဇီးလ်နှင့်ချီလီတို့ကစားခဲ့သောပွဲအား ကွင်းအတွင်း လာရောက်ကြည့်ရှုသည့် ဘရာဇီးလ်ပရိသတ်များအနက် ပယ်နယ်တီကန်သွင်းနေချိန်တွင် စိတ်လှုပ်ရှားမှုကြောင့် သတိမေ့မြောသွားသူများ၊ နှလုံးရောဂါခံစားခဲ့ရသူများအပါအဝင် ပရိသတ်အယောက်(၁၀၀)ခန့်ကို ဆေးအဖွဲ့တာဝန်ရှိသူများက ဆေးကုသမှုများပြုလုပ်ခဲ့ရကြောင်းလည်းသိရသည်။



ချီလီနှင့်ပွဲတွင် ဘရာဇီးလ်အသင်းတိုက်စစ်မှူးဟာ့ခ်၏ ပင်နယ်တီကန်သွင်းမှုကို ဘရာဗိုကကွယ်နေစဉ်

## BRIEF

❐ ချီလီအသင်းနည်းပြ ဆမ်ပေါ်အိုလီသည် ဘရာဇီးလ်အသင်းနှင့်ပွဲမှအသင်း၏ကစားပုံအပေါ်ချီးကျူးစကားပြောကြားခဲ့ပြီး မိမိတို့အနိုင်ရရန်အလွန်နီးစပ်ခဲ့ကြောင်း၊ အသင်း၏ကစားသမားများအတွက်သာမက ချီလီနိုင်ငံအတွက်ပါ ဂုဏ်ယူမိကြောင်း ပြောကြားခဲ့သည်။

❐ အင်္ဂလန်အသင်း နောက်ခံကစားသမားဟောင်း ဖာဒီနန်က ချီလီနှင့်ပွဲတွင် ဘရာဇီးလ်အသင်းအနိုင်ရရှိခဲ့၍ ဝမ်းမြောက်မိသော်လည်း ဘရာဇီးလ်အသင်းအနေဖြင့် ခံစစ်ပိုင်းအမှားများကို ပြန်လည်ပြုပြင်ရန်လိုအပ်နေပြီဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။

❐ ရော်လ်ကာအသင်း အထွေထွေမန်နေဂျာဖြစ်သူ ဟော့စ်ဟဲလ်က ဂါနာအသင်းတာဝန်ရှိသူတစ်ဦးကို ကိုယ်ထိလက်ရောက်စော်ကားခဲ့သည်ဟူသောစွပ်စွဲချက်ဖြင့် အသင်းမှ ထုတ်ပယ်ခံခဲ့ရသူ ဘိုတန်သည် နိုင်ငံအသင်းအတွက် ဘယ်တော့မှ ပြန်ကစားတော့မည်မဟုတ်ဟု ခန့်မှန်းပြောကြားခဲ့သည်။

# ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် ချီလီနှင့်တွေ့ဆုံသည့်ပွဲတိုင်း မရှုံးနိမ့်ဖူးသောမှတ်တမ်းအား ဘရာဇီးလ် ဆက်လက်ထိန်းသိမ်း

ဘရာဇီးလ်အသင်းသည် ရှုံးထွက်(၁၆)သင်းအဆင့်တွင် ချီလီအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ရခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ချီလီအသင်းနှင့် ဆုံတွေ့သည့်ပွဲတိုင်းအနိုင်ရခဲ့သော မှတ်တမ်းကောင်းကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

အဆိုပါပွဲတွင် ဘရာဇီးလ်အသင်းသည် ပွဲချိန်(၁၈)မိနစ်၌နောက်ခံလူ ဒေးဗစ်လူးဝစ်ဇ်၏ သွင်းဂိုးဖြင့်ဦးဆောင်နိုင်ခဲ့သော်လည်း(၃၂)မိနစ်တွင် ဘာစီလိုနာတိုက်စစ်မှူး ဆန်းချက်ဇ်ကချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ ပွဲချိန်မိနစ်(၁၂၀)ပြီးဆုံးသည်အထိ တစ်ဖက်တစ်ဂိုးစီသရေကျနေခဲ့သဖြင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ဘရာဇီးလ်အသင်းက ဂိုးသမားဂျူလီယိုဆီဆာ၏လက်စွမ်းပြမှုနှင့်အတူ (၃-၂)ဂိုးဖြင့်အနိုင်ရကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဘရာဇီးလ်အသင်းသည် ချီလီအသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် (၄)ကြိမ်တိုင်တိုင်ဆုံတွေ့ခဲ့ဖူးပြီး (၄)ကြိမ်စလုံးအနိုင်ရရှိခဲ့သည့်အပြင် မိမိကွင်း၌ကစားခဲ့သည့် ပွဲစဉ်(၂၇)ပွဲတွင် တစ်ကြိမ်မှရှုံးနိမ့်ခဲ့ခြင်းမရှိကြောင်း သိရသည်။ ထို့ပြင် ဘရာဇီးလ်အသင်းအနေဖြင့် ၁၉၉၀ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရှုံးထွက်အဆင့်မှထွက်ခဲ့ရပြီးနောက်ပိုင်း ယခုတစ်ကြိမ်အပါအဝင် ကမ္ဘာ့ဖလားပြိုင်ပွဲ(၆)ကြိမ်၌ အနိမ့်အဆုံးအဖြစ်ကွာတားဖိုင်နယ်သို့ ရောက်ရှိခဲ့သည့်အပြင် ဗိုလ်လုပွဲသို့(၃)ကြိမ်တက်ရောက်ခဲ့ပြီး (၂)ကြိမ်ဗိုလ်စွဲခဲ့ကြောင်းသိရသည်။

**ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးလ်နှင့်ချီလီဆုံတွေ့ခဲ့သည့်မှတ်တမ်း**

| ခုနှစ် | အဆင့် | ရလဒ် | ဂိုးသွင်းသူ |
|---|---|---|---|
| ၁၉၆၂ | ဆီမီး | ချီလီ ၂-၄ ဘရာဇီးလ် | ဂါရင်ချာ(၂)၊ ဗာဗာ(၂) |
| ၁၉၉၈ | ရှုံးထွက် | ဘရာဇီးလ် ၄-၁ ချီလီ | ရော်နယ်လ်ဒို(၂)၊ ဆမ်ပိုင်ယို(၂) |
| ၂၀၁၀ | ရှုံးထွက် | ဘရာဇီးလ် ၃-၀ ချီလီ | ဂျူအန်၊ ဖေဘီယာနို၊ ရော်ဘင်ဟို |
| ၂၀၁၄ | ရှုံးထွက် | ဘရာဇီးလ် ၁-၁ ချီလီ | ဒေးဗစ်လူးဝစ်ဇ် |

(ပယ်နယ်တီဖြင့် ဘရာဇီးလ်အနိုင်ရရှိ)

**၁၉၉၀ခုနှစ်နောက်ပိုင်း ဘရာဇီးလ်အသင်း၏ကမ္ဘာ့ဖလားပြိုင်ပွဲမှတ်တမ်း**

| | | |
|---|---|---|
| ၁၉၉၄ | အမေရိကန် | ချန်ပီယံ |
| ၁၉၉၈ | ပြင်သစ် | ဒုတိယ |
| ၂၀၀၂ | တောင်ကိုရီးယား/ဂျပန် | ချန်ပီယံ |
| ၂၀၀၆ | ဂျာမနီ | ကွာတားဖိုင်နယ် |
| ၂၀၁၀ | တောင်အာဖရိက | ကွာတားဖိုင်နယ် |






## အာဂျင်တီးနားနှင့်ပွဲတွင် မထင်မှတ်သည်များကို လုပ်ပြနိုင်စွမ်းရှိကြောင်း ဆွစ်ဇာလန်နည်းပြဟာစ်ဇ်ဖဲလ်ဆို

ဆွစ်ဇာလန်အသင်းနည်းပြဟာစ်ဇ်ဖဲလ်က ယခုအင်္ဂါနေ့တွင်ကစားမည့် အာဂျင်တီးနားနှင့် ရှုံးထွက်ပွဲတွင် မထင်မှတ်သည်များကို လုပ်ပြနိုင်စွမ်းရှိကြောင်း ကြုံးဝါးပြောဆိုခဲ့သည်။ ဆွစ်ဇာလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားနှင့်ဆုံတွေ့သည့်ပွဲတိုင်း ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းဆိုးရှိသော်လည်း ဟာစ်ဇ်ဖဲလ်ကမူ အာဂျင်တီးနားနှင့်ပွဲတွင် သမိုင်းသစ်တစ်ခုစိုက်ထူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ဘယ်လ်ဂျီယံနှင့်ပွဲတွင် အမေရိကန်အသင်း ကွင်းလယ်လူ ဂျာမိန်းဂျုံးစ်ပါဝင်ကစားမည်

အမေရိကန်အသင်း၏ အဓိက ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဂျာမိန်းဂျုံးစ်သည် ဘယ်လ်ဂျီယံအသင်းနှင့်ကစားမည့် ရှုံးထွက်ပွဲတွင် အသင်းအတွက်ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်းသိရသည်။ ဂျာမိန်းဂျုံးစ်သည် ဂျာမနီနှင့်ပွဲတွင် အသင်းဖော်ဘီဇိုယာနှင့် အချင်းချင်းထိခိုက်မိရာမှ နှာခေါင်းရိုးကျိုးသည့်ဒဏ်ရာရရှိခဲ့သော်လည်း ပြင်းထန်ခြင်းမရှိသဖြင့် ဘယ်လ်ဂျီယံနှင့်ပွဲတွင် ပါဝင်နိုင်မည်ဟုသိရသည်။

## ပြိုင်ဘက်ကို ထပ်မံကိုက်ပါက ဆွာရက်ဇ်အား ရာသက်ပန် ပွဲပယ်ပြစ်ဒဏ်ချမှတ်သင့်ဟု ဟော်ဒယ်ဆို

အင်္ဂလန်နှင့်စပါးအသင်းနည်းပြဟောင်း ဂလင်းဟော်ဒယ်က အကယ်၍ ဆွာရက်ဇ်အနေဖြင့် ပြိုင်ဘက်ကစားသမားကို သွားဖြင့်ကိုက်သည့်လုပ်ရပ်မျိုး ထပ်မံကျူးလွန်ပါက ၎င်းအား ရာသက်ပန်ပွဲပယ်ပြစ်ဒဏ် ချမှတ်သင့်ကြောင်း သုံးသပ်ပြောဆိုခဲ့သည်။ ဟော်ဒယ်က "ဆွာရက်ဇ်ဟာ အကူအညီလိုနေပါပြီ။ သူ ဒီလိုမျိုးနောက်ထပ်လုပ်မယ်ဆိုရင် ဘောလုံးကစားခွင့်ကို ရာသက်ပန်ပိတ်ပင်သင့်ပါတယ်"ဟုပြောကြားခဲ့သည်။

# ဥရုဂွေးကို အနိုင်ရခဲ့သည့်ပွဲအပြီး သေနတ်ဖြင့်ပစ်ဖောက် အောင်ပွဲခံရာမှ ကိုလံဘီယာအသင်းပရိသတ်တစ်ဦးသေဆုံး



ဥရုဂွေးနှင့်ပွဲအပြီး အောင်ပွဲခံနေသည့် ကိုလံဘီယာပရိသတ်များ

ပြီးခဲ့သည့်စနေနေ့က ကမ္ဘာ့ဖလားရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ဥရုဂွေးနှင့်ကစားခဲ့သောပွဲတွင် ကိုလံဘီယာအသင်းက (၂-၀)ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲအပြီး ကိုလံဘီယာပရိသတ်တစ်ဦးမှာ ဘိုဆာမြို့အတွင်း သေနတ်ဖြင့်ပစ်ဖောက် အောင်ပွဲခံရာမှ အမျိုးသမီးတစ်ဦးကို ကျည်ဆံမတော်တဆထိမှန်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုလံဘီယာအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ကိုလံဘီယာပရိသတ်များမှာ အပျော်လွန်၍ အောင်ပွဲခံရာမှ ယခုကဲ့သို့ ဝမ်းနည်းစရာဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ယင်းပွဲအပြီးတွင် ကိုလံဘီယာပရိသတ်များ အောင်ပွဲခံနေစဉ်အချိန်၌ တစ်စုံတစ်ယောက်က လေထဲသို့ သေနတ်ဖြင့်ပစ်ဖောက်အောင်ပွဲခံခဲ့ရာ အသက်(၂၅)နှစ်အရွယ် အမျိုးသမီးတစ်ဦးကို မတော်တဆထိမှန်ခဲ့ခြင်းဖြစ်ပြီး အခြားသူတစ်ဦးမှာလည်း ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ ယခုဖြစ်ရပ်မတိုင်မီကလည်း ဂရိအသင်းနှင့်ကစားခဲ့သောအုပ်စုပွဲစဉ်အပြီးတွင် ကိုလံဘီယာပရိသတ်များ အောင်ပွဲခံရာမှ လူ(၉)ဦးသေဆုံးခဲ့ပြီး ဘိုဂိုတာမြို့တော်ဝန် ရီကာဒိုဘိုနီလာက ပြည်သူများအနေဖြင့် သတိနှင့်ယှဉ်၍ ပြုမူကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် ကိုလံဘီယာနှင့်ဥရုဂွေးပွဲအားကြည့်ရှုရန် ဘရာဇီးလ်နိုင်ငံ၊ ရီယိုဒီဂျနေးရိုးမြို့သို့ ရောက်ရှိနေကြသည့် နှစ်ဖက်အသင်းပရိသတ်များမှာ ပွဲကစားနေစဉ်အတွင်း အပြန်အလှန်ခိုက်ရန်ဖြစ်ပွားခဲ့ကြကြောင်းလည်းသိရသည်။

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းပြဂိုးများသွင်းယူလျက်ရှိနေသည့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကိုခေါ်ယူရန် ဘာစီလိုနာနှင့်ရီးယဲယ် အပြိုင်ဖြစ်နေ


ဘာစီလိုနာနှင့်ရီးယဲလ်တို့၏စိတ်ဝင်စားခြင်းခံနေရသည့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်



ဥရုဂွေးနှင့်ပွဲမှ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏အဖွင့်ဂိုးအား တွေ့ရစဉ်

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကိုလံဘီယာအသင်းအတွက် ခြေစွမ်းပြဂိုးများ သွင်းယူနေသည့် လူငယ်ကြယ်ပွင့်တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခေါ်ယူရန် စပိန်ထိပ်သီးကလပ်(၂)သင်းဖြစ်သော ရီးယဲယ်နှင့် ဘာစီလိုနာတို့က အပြိုင်စိတ်ဝင်စားနေကြောင်း သိရသည်။

အသက်(၂၂)နှစ်အရွယ်သာရှိသေးသူ ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ပြီးခဲ့သည့်ဥရုဂွေးနှင့် ကစားခဲ့သောပွဲတွင် အသင်းအတွက် အဖွင့်ဂိုးအား ပထမပိုင်း၌ လှပသည့်မြေမကျကန်ချက်(Volley Kick)ဖြင့် သွင်းယူခဲ့ပြီး ဒုတိယဂိုးကိုလည်း ပွဲချိန် မိနစ်(၅၀)တွင်သွင်းယူပေးခဲ့သည်။ သို့ဖြစ်ရာ ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းယူခဲ့သည့်ဂိုးအရေအတွက်မှာ (၅)ဂိုးအထိရှိလာပြီဖြစ်ပြီး ဂိုးသွင်းအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံးမှ(စနေနေ့ညပွဲများအပြီး) ဦးဆောင်လျက်ရှိနေသည်။ ထို့ပြင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်အနေဖြင့် ကိုလံဘီယာအသင်းအတွက် အားထားရသော တိုက်စစ်မှူးဖယ်လ်ကာအို မပါနိုင်သောတိုက်စစ်ပိုင်း အားအကောင်းဆုံးဦးဆောင်လျက်ရှိနေပြီး လက်ရှိအချိန်တွင် ၎င်းကိုခေါ်ယူရန် ရီးယဲယ်နှင့် ဘာစီလိုနာအသင်းတို့က စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

| ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းယူထားသူများ(စနေနေ့အပြီး) | | |
|---|---|---|
| အမည် | အသင်း | ဂိုး |
| ဂျိမ်းစ်ရိုဒရီဂွက်ဇ် | ကိုလံဘီယာ | ၅ |
| နေမာ | ဘရာဇီးလ် | ၄ |
| မူလာ | ဂျာမနီ | ၄ |
| မက်ဆီ | အာဂျင်တီးနား | ၄ |
| ရှာကီရီ | ဆွစ်ဇာလန် | ၃ |
| ဘန်ဇီမာ | ပြင်သစ် | ၃ |

ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ပြီးခဲ့သည့် ရာသီအစက ပေါ်တိုအသင်းမှ မိုနာကိုအသင်းသို့ ယူရို(၄၅)သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ၎င်းကလည်း အနာဂတ်တွင် လာလီဂါသို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဥရုဂွေးနှင့်ပွဲအပြီး မီဒီယာများနှင့်တွေ့ဆုံရာတွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်က "စပိန်နိုင်ငံမှာ ပြောင်းရွှေ့ကစားလိုပါတယ်။ လာလီဂါဟာ ကမ္ဘာ့အကောင်းဆုံးလိဂ်ပြိုင်ပွဲတစ်ခုဖြစ်ပြီး အဲဒီမှာ သွားရောက်ကစားဖို့ဆိုတာ ကျွန်တော့်ရဲ့အိပ်မက် တစ်ခုလည်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုလောလောဆယ်တွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ကမ္ဘာတစ်ဝှမ်းမှ မီဒီယာများက ချီးကျူးရေးသားမှုများပြုလုပ်လျက်ရှိနေကြပြီး မက်ဆီ၊ စီရော်နယ်လ်ဒိုပြီးနောက် ဘောလုံးလောကအတွက် ကြယ်ပွင့်သစ်ဖြစ်လာနိုင်မည့်သူအဖြစ် တင်စားလျက်ရှိနေကြောင်း သိရသည်။ ထို့အတူ ကိုလံဘီယာအသင်းနည်းပြပီကာမင်ကလည်း ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် အသင်းအတွက် မရှိမဖြစ်ကစားသမားတစ်ဦးဖြစ်သလို၊ သူ၏အသက်အရွယ်ဖြင့် ကိုလံဘီယာအသင်း၏ တိုက်စစ်ပိုင်းအား အကောင်းဆုံးဦးဆောင်နိုင်ခြင်းအပေါ် အံ့အားသင့်မိကြောင်း ပြောကြားခဲ့သည်။

# တူရကီထိပ်သီးကလပ် ဂါလာတာစာရေးအသင်းအားကိုင်တွယ်ရန် မန်ယူအသင်းနည်းပြဟောင်း ဒေးဗစ်မိုယက်စ် နီးစပ်လျက်ရှိနေ

## မိုယက်စ်အား တစ်နှစ်လစာပေါင်(၄)သန်းဖြင့် ဂါလာတာစာရေးကမ်းလှမ်း

မန်ယူအသင်း နည်းပြဟောင်း ဒေးဗစ်မိုယက်စ်သည် တူရကီထိပ်သီးကလပ် ဂါလာတာစာရေးအသင်းအားကိုင်တွယ်ရန် နီးစပ်လျက်ရှိနေပြီဖြစ်ကြောင်း ဗြိတိန်ထုတ် Daily Mail သတင်းစာက ဖော်ပြခဲ့သည်။

စကော့တလန်လူမျိုးနည်းပြဖြစ်သူ ဒေးဗစ်မိုယက်စ်သည် မန်ယူအသင်းအား ပြီးခဲ့သည့်၂၀၁၃-၁၄ရာသီအစကကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး သူ၏လက်ထက်တွင် မန်ယူအသင်းမှာ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးရလဒ်များဖြင့် ရင်ဆိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လည်းလွဲချော်ခဲ့ရသဖြင့် ပြီးခဲ့သည့်ဧပြီလအတွင်းက ရာထူးမှထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။ မိုယက်စ်သည် ပြီးခဲ့သည့်သောကြာနေ့က ဂါလာတာစာရေးအသင်းနည်းပြရာထူးနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးရန်အတွက် အစ္စတန်ဘူလ်သို့သွားရောက်ခဲ့ပြီး တစ်ရက်ကြာနေထိုင်ခဲ့ကြောင်းသိရသည်။ ဂါလာတာစာရေးအသင်းမှာလည်း ယခုလအစောပိုင်းက နည်းပြဖြစ်သူမန်စီနီနှင့်လမ်းခွဲခဲ့ပြီးနောက် နည်းပြလက်မဲ့ဖြစ်နေရာ မိုယက်စ်ကို နည်းပြသစ်အဖြစ်ခန့်အပ်ရန် ကြိုးပမ်းနေခြင်းလည်းဖြစ်သည်။ ဂါလာတာစာရေးအသင်းအနေဖြင့် မိုယက်စ်ကို တစ်နှစ်လစာ ပေါင်(၄)သန်းပေး၍ကမ်းလှမ်းခဲ့ပြီး

> မိုယက်စ်သည် ပြီးခဲ့သည့်သောကြာနေ့က ဂါလာတာစာရေးအသင်း နည်းပြရာထူးနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် အစ္စတန်ဘူလ်သို့သွားရောက်ခဲ့ပြီး တစ်ရက်ကြာနေထိုင်ခဲ့…

အသင်း ဥက္ကဋ္ဌဖြစ်သူ အူနယ်လ်အိုင်ဆယ်နှင့်လည်း တွေ့ဆုံစကားပြောခဲ့ကြောင်း Daily Mail သတင်းစာက ဖော်ပြခဲ့သည်။

သို့သော်လည်း ဂါလာတာစာရေးအသင်းအနေဖြင့် နည်းပြသစ်ခန့်အပ်မည့်ကိစ္စအား အလျင်စလိုဆောင်ရွက်သွားမည်မဟုတ်ဘဲ ကမ္ဘာ့ဖလားအပြီးအထိ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဂါလာတာစာရေးအသင်း ဥက္ကဋ္ဌ အူနယ်လ်အိုင်ဆယ်မှာမိုယက်စ်နှင့်တွေ့ဆုံခဲ့သော်လည်း ၎င်းကြိုက်နှစ်သက်သည့် နည်းပြများမှာ ဂျိုအာချင်လိုးနှင့် ဂျာဂင်ကလင်းစမန်းတို့ဖြစ်ပြီး အကယ်၍ယင်းနည်းပြ(၂)ဦးကိုမခေါ်ယူနိုင်မှသာ မိုယက်စ်အား နည်းပြအဖြစ်ခန့်အပ်သွားဖွယ်ရှိနေသည်။ ဂါလာတာစာရေးအသင်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "နည်းပြသစ်ခန့်အပ်မယ့်ကိစ္စနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌက ပြောပြီးသားပါ။ သူဟာ ဒေးဗစ်မိုယက်စ်နဲ့တွေ့ဆုံခဲ့ပြီး မိုယက်စ်က ဂါလာတာစာရေးအသင်းနည်းပြရာထူးကို လက်ခံနိုင်တယ်လို့ပြောကြားခဲ့ပေမယ့် သူဟာ ကျွန်တော်တို့ရဲ့အဓိက ဦးစားပေးနည်းပြမဟုတ်ဘဲ ဂျိုအာချင်လိုး(ဂျာမနီအသင်းနည်းပြ)နဲ့ ကလင်းစမန်း(အမေရိကန်အသင်းနည်းပြ)တို့သာ ဦးစားပေးစဉ်းစားသွားမှာပါ။ ဒါကြောင့် နည်းပြသစ်ခန့်အပ်ဖို့ကိစ္စကို အစောတလျင်ပြုလုပ်သွားမှာမဟုတ်ပါဘူး။ ကမ္ဘာ့ဖလားပွဲအပြီးအထိ စောင့်ကြည့်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။



Photo: Daily Mail

အစ္စတန်ဘူလ်မြို့လေဆိပ်တွင်တွေ့ရသည့် မန်ယူနည်းပြဟောင်း မိုယက်စ်

## ပြင်သစ်လီဂူး-၂ မှ ကလာမောင့်အသင်း အမျိုးသမီးနည်းပြသစ်တစ်ဦးကို ထပ်မံခန့်အပ်

ပြင်သစ်လီဂူး-၂ကလပ် ကလာမောင့်အသင်းသည် နည်းပြသစ်အဖြစ် အမျိုးသမီးတစ်ဦးဖြစ်သူ ကော်ရင်နီဒီယာစရီကို ထပ်မံခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ကလာမောင့်အသင်းသည် ပြီးခဲ့သည့်တစ်ပတ်က ပေါ်တူဂီလူမျိုး အမျိုးသမီးနည်းပြဖြစ်သူ ဟီလီနာကော်စတာကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ပြီး အမျိုးသမီးကို နည်းပြခန့်ခဲ့သည့် ပထမဆုံးအမျိုးသားကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သော်လည်း ရက်ပိုင်းအကြာမှာပင် ဟီလီနာကော်စတာမှာ သူမ၏ရာထူးမှ နုတ်ထွက်သွားခဲ့သည်။ နည်းပြရာထူးမှနုတ်ထွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ဟီလီနာကော်စတာက အသင်းအားကစားဒါရိုက်တာ ချာဗာနွန်သည် မိမိ၏သဘောတူညီချက်မရဘဲ ကစားသမားသစ်များခေါ်ယူခဲ့ပြီး ယင်းလုပ်ရပ်မှာ နည်းပြတစ်ဦးအတွက် လက်ခံနိုင်စရာမရှိသဖြင့် ရာထူးမှနုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သူမ၏ Facebook စာမျက်နှာတွင် ရှင်းလင်းရေးသားခဲ့သည်။ သို့ဖြစ်ရာ ကလာမောင့်အသင်းမှာ နည်းပြသစ်အဖြစ် ပြင်သစ်အမျိုးသမီးလက်ရွေးစင်အသင်း ခေါင်းဆောင်ဟောင်း ကော်ရင်နီဒီယာစရီကို ထပ်မံခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ကော်ရင်နီဒီယာစရီအနေဖြင့် ကလာမောင့်အသင်းနှင့် (၂)နှစ်စာချုပ်ချုပ်ဆိုခဲ့ပြီး လာမည့်တစ်ပတ်မှစတင်ကာ အသင်းကိုကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကလာမောင့်အသင်း သည် ပြီးခဲ့သည့်ရာသီက ပြင်သစ်လီဂူး-၂ ပြိုင်ပွဲ၌အဆင့်(၁၄)နေရာသာရရှိခဲ့သည်။



Photo: AFP

ကလာမောင့်အသင်း ခန့်အပ်ခဲ့သည့် အမျိုးသမီးနည်းပြ ဒီယာစရီ

## မန်ယူနောက်ခံလူ ဘတ်နာအား ဒိုင်နမိုမော်စကိုအသင်း ခေါ်ယူစာချုပ်

ရုရှားကလပ်ဒိုင်နမိုမော်စကိုအသင်းသည် မန်ယူနောက်ခံလူဘတ်နာအား ခေါ်ယူစာချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။ အသက်(၂၅)နှစ်အရွယ်ရှိပြီဖြစ်သူ ဟော်လန်နောက်ခံလူဘတ်နာသည် ပြီးခဲ့သည့်၂၀၁၂ခုနှစ်အတွင်းက ဟော်လန်ကလပ်ဗွီတက်ဆီအသင်းမှ မန်ယူအသင်းသို့ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူပရီးမီးယားလိဂ်ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ သို့သော်လည်း ဘတ်နာသည် မန်ယူအသင်းတွင်ကစားခဲ့သည့်(၂)ရာသီအတွင်း ပြိုင်ပွဲစုံ၌ (၂၈)ပွဲသာကစားခဲ့ရပြီး (၂)ဂိုးသာသွင်းယူခဲ့သည်။ ထို့ပြင် မန်ယူအသင်းမှာ ဆောက်သမ်တန်ဘယ်နောက်ခံလူ လုခ်ရှောအားခေါ်ယူနိုင်ခဲ့ပြီးနောက် ဘတ်နာမှာ အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဘတ်နာအနေဖြင့် ပြီးခဲ့သည့်တစ်ပတ်ကတည်းကပင် ဒိုင်နမိုမော်စကိုအသင်းလေ့ကျင့်ရေးဝတ်စုံဖြင့် ဓာတ်ပုံအရိုက်ခံခဲ့ပြီး မန်ယူပရိသတ်များအား နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

## SHORT

❒ ဆောက်သမ်တန်အသင်းသည် ဟော်လန်ကလပ်ဖီယင်နအသင်းတိုက်စစ်မှူးဂရာဇီယာနိုပီလီအား ခေါ်ယူနိုင်ရန်နီးစပ်နေပြီဖြစ်ကြောင်းသိရသည်။ ဆောက်သမ်တန်အသင်းသည် ပီလီအတွက်ပေါင်(၈)သန်းခန့်အသုံးပြုသွားမည်ဖြစ်ပြီး ယခုရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရန် မျှော်လင့်နေကြောင်း သိရသည်။

❒ အသင်းဟောင်းရိန်းဂျားစ်အသင်းသို့ပြောင်းရွှေ့ခဲ့သူ တိုက်စစ်မှူးခရစ္စဘွိုက်က ပထမအကြိမ်ကစားခဲ့စဉ်ကထက် ယခုတစ်ကြိမ်တွင် ပိုမိုခြေစွမ်းပြကစားနိုင်မည်ဟု ယုံကြည်ကြောင်း ကြုံးဝါးပြောဆိုခဲ့သည်။ ခရစ္စဘွိုက်သည် ရိန်းဂျားစ်အသင်းတွင် ၂၀၀၆ မှ ၂၀၁၀ ခုနှစ်အထိကစားခဲ့ပြီး (၁၉၂)ပွဲကစား၍ (၁၂၈)ဂိုးသွင်းယူခဲ့သူဖြစ်သည်။

❒ မိုနာကိုအသင်းသည် နယူးကာဆယ်နောက်ခံလူဒီဘူချီအား အာဆင်နယ်အသင်းနှင့်အပြိုင်ကမ်းလှမ်းသွားရန်စီစဉ်နေကြောင်း သိရသည်။ နယူးကာဆယ်အသင်းအနေဖြင့် ဒီဘူချီအတွက် ပေါင်(၁၂)သန်းခန့်ရရှိပါကရောင်းချသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

First Eleven Sports Journal Vol:15 No.4 3, July, 2014

# မြန်မာ ယူ-၁၆ အသင်းနည်းပြ မင်ကော့စ်စကီးကို ရာထူးမှထုတ်ပယ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် မြန်မာ ယူ-၁၆ အသင်းနည်းပြ မင်ကော့စ်စကီး(ဘူလ်ဂေးရီးယား) ကို ရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

MFF သည် အာရှယူ-၁၆ချန်ပီယံဖလား (Asia Champions Trophy U-16 2014)ပြိုင်ပွဲတွင် မြန်မာယူ-၁၆ (မန္တလေးအကယ်ဒမီ)အသင်း ရလဒ်များဆိုးရွားနေသောကြောင့် မင်ကော့စ်စကီးကို ယခုကဲ့သို့ရာထူးမှထုတ်ပယ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာယူ-၁၆ အသင်းသည် ပြီးခဲ့သည့် ဇွန်(၂၈)ရက်က လာအိုနိုင်ငံတွင် လာအိုတိုယိုတာအသင်းနှင့် ကစားခဲ့ရာ၌ ဂိုးမရှိသရေကျခဲ့ပြီး (၆)ပွဲကစားထားရာတွင် (၂)ပွဲနိုင်၊ (၂)ပွဲသရေ၊ (၂)ပွဲရှုံး၊ ရမှတ်(၈)မှတ်ရရှိထားကြောင်း သိရသည်။ မင်ကော့စ်စကီးသည် မြန်မာယူ-၁၆ အသင်းကို ပြီးခဲ့သည့်ဧပြီလမှစ၍ တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ယခုအခါ ၎င်း၏နေရာတွင် လက်ထောက်နည်းပြ ဦးခင်မောင်ဌေးကို ယာယီတာဝန်ပေးထားကြောင်း သိရသည်။

**မြန်မာယူ-၁၆အသင်း၏ရလဒ်များ**

| | | | | |
|---|---|---|---|---|
| ၁၇-၅-၂၀၁၄ | မြန်မာယူ-၁၆ | ၂-၂ | လာအိုတိုယိုတာ | အိမ်ကွင်း |
| ၃၁-၅-၂၀၁၄ | မြန်မာယူ-၁၆ | ၁-၅ | ချောင်ဘူရီ | အိမ်ကွင်း |
| ၇-၆-၂၀၁၄ | မြန်မာယူ-၁၆ | ၁-၀ | ဗန္ဓုမ်းပင်ခရောင်း | အဝေးကွင်း |
| ၁၄-၆-၂၀၁၄ | မြန်မာယူ-၁၆ | ၂-၁ | ကွမ်ကျိုး | အဝေးကွင်း |
| ၂၃-၆-၂၀၁၄ | မြန်မာယူ-၁၆ | ၀-၄ | ချောင်ဘူရီ | အဝေးကွင်း |
| ၂၈-၆-၂၀၁၄ | မြန်မာယူ-၁၆ | ၀-၀ | လာအိုတိုယိုတာ | အဝေးကွင်း |


မြန်မာ ယူ-၁၆ အသင်းနည်းပြ မင်ကော့စ်စကီး (ဓာတ်ပုံ - သက်ထွန်းအောင်)

## ကြံ့ခိုင်မှုလိုအပ်ဟု အိုဆာကာနည်းပြ သုံးသပ်

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဂျပန်ထိပ်သီးကလပ် ဆီရီဇိုအိုဆာကာအသင်းတို့သည် ပြီးခဲ့သည့် ဇွန်(၂၈)ရက်က ရန်ကုန်မြို့တွင် ခြေစမ်းကစားခဲ့ပြီး ယင်းခြေစမ်းပွဲအပြီးတွင် အိုဆာကာအသင်းနည်းပြ မာကော့ဖ်ဒီရီကို (Marcofederico) က မြန်မာကစားသမားများမှာ ကြံ့ခိုင်မှုလိုအပ်နေကြောင်း သုံးသပ်ပြောကြားခဲ့သည်။ မာကော့ဖ်ဒီရီကိုက "မြန်မာအသင်းဟာ လျင်မြန်မှုကောင်းတဲ့ စွမ်းဆောင်ရည်ကိုပိုင်ဆိုင်ထားပါတယ်။ အသင်းလိုက်စွမ်းဆောင်ရည်ကောင်းဖို့တော့ လိုအပ်ပါသေးတယ်။ ခြေစမ်းပွဲတွေ များများကစားရင် အသင်းက တိုးတက်လာနိုင်စရာရှိပါတယ်။ မြန်မာကစားသမားအတော်များများက ကြံ့ခိုင်မှုမပြည့်ဝပါဘူး။ မိနစ်(၉၀)စလုံး မကစားနိုင်တာကိုတွေ့ရပါတယ်" ဟု သုံးသပ်ပြောကြားခဲ့သည်။

## MNL လူငယ်ပြိုင်ပွဲ ပွဲစဉ်(၅) ဆက်လက်ကျင်းပမည်

၂၀၁၄ ရာသီ MNL လူငယ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ကို ဇူလိုင်(၁၊ ၂၊ ၃)ရက်များတွင် ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အမှတ်ပေးဇယားထိပ်ဆုံးတွင်ဦးဆောင်နေသည့် ဧယျာရွှေမြေအသင်းမှာ ရန်ကုန်ယူနိုက်တက်သင်းနှင့်လည်းကောင်း၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာ ဇွဲကပင်အသင်းနှင့်လည်းကောင်း၊ ရောဝတီအသင်းမှာ KBZ အသင်းနှင့်လည်းကောင်း တွေ့ဆုံနေကြောင်း သိရသည်။

| | | | |
|---|---|---|---|
| ၁-၇-၁၄ | နေပြည်တော် - ချင်း | | ပဒုမ္မာ |
| | ရန်ကုန် - ဧယျာရွှေမြေ | | စလင်း |
| ၂-၇-၁၄ | ဇွဲကပင် - ရတနာပုံ | | ပဒုမ္မာ |
| | ရောဝတီ - KBZ | | စလင်း |
| ၃-၇-၁၄ | မနော်ဟရီ - မကွေး | | ပဒုမ္မာ |
| | Southern - GFA | | စလင်း |

# ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ဇူလိုင်(၂)ရက်တွင် ခြေစမ်းကစားရန်အတွက် မြန်မာ့လက်ရွေးစင်အသင်း ဟိုချီမင်းမြို့သို့ ပြီးခဲ့သည့်ဇွန်(၂၉)ရက်က ထွက်ခွာ


ဂျပန်ထိပ်သီးကလပ် ဆီရီဇိုအိုဆာကာနှင့်ကစားခဲ့သည့်ခြေစမ်းပွဲတွင်တွေ့ရသည့် မြန်မာ့လက်ရွေးစင်အသင်း (ဓာတ်ပုံ - ညီညီစိုးညွန့်)

မြန်မာ့လက်ရွေးစင်အသင်းသည်ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရန်အတွက် ပြီးခဲ့သည့် ဇွန်(၂၉)ရက်က ရန်ကုန်မြို့မှထွက်ခွာသွားခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်လက်ရွေးစင်အသင်းတို့သည် လာမည့် ဇူလိုင်(၂)ရက်တွင် ဟိုချီမင်းမြို့၌ ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစမ်းပွဲအတွက် ကစားသမား(၂၀)ဦးကိုခေါ်ယူသွားပြီး (၉)ဦး လျှော့ချခဲ့ကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့် ဇွန်(၂၃)ရက်မှစ၍ ကစားသမား(၂၉)ဦးဖြင့် လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ဇွန်(၂၈)ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတွင် ဂျပန်ထိပ်သီးကလပ် ဆီရီဇိုအိုဆာကာအသင်းနှင့် ခြေစမ်းကစားခဲ့ကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆီရီဇိုအိုဆာကာနှင့်ပွဲတွင် (၀-၁)ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရန်အတွက် ကစားသမား(၉)ဦးကို လျှော့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လျှော့ချခဲ့သည့် ကစားသမားများတွင် ရန်ပိုင်၊ ဇော်မင်းထွန်း၊ ကြည်လင်း၊ စည်သူအောင်၊ ရဲဝင်းအောင်၊ နေလင်းထွန်း၊ ဇန်လားဟာရွယ်၊ ပြည့်ဖြိုးအောင်နှင့် ရန်အောင်လင်းတို့ပါဝင်ခဲ့ကြောင်း သိရသည်။

**မြန်မာ့လက်ရွေးစင်အသင်း**

*အုပ်ချုပ်သူ* - ဦးတင်အောင်၊ *နည်းပြချုပ်* - အေဗရာမိုဗစ်၊ *လက်ထောက်နည်းပြ* - ဦးစိုးမြတ်မင်း၊ ဇီကိုဗစ်၊ *ဂိုးနည်းပြ* - ဒီနီ၊ *အတွင်းရေးမှူး* - ဦးထွန်းထွန်းအောင်၊ *ဂိုး* - သီဟစည်သူ၊ ကျော်ဇင်ဖြိုး၊ *နောက်တန်း* - သက်နိုင်၊ အောင်ဇော်၊ သိန်းဇော်၊ နေမျိုးအောင်၊ ဇနဲဘိုထွန်း၊ အောင်ဟိန်းကျော်၊ *အလယ်တန်း* – ရန်အောင်ကျော်၊ အောင်မိုး၊ မင်းမင်းသူ၊ နိုင်လင်းဦး၊ အောင်ရှိုးသာမောင်၊ အောင်ကျော်နိုင်၊ ကျော်ဇေယျာဝင်း၊ ရန်အောင်ဝင်း၊ *ရှေ့တန်း* – ကောင်းစည်သူ၊ စိုးမင်းဦး၊ ကျော်ကိုကို၊ စိုးကျော်ကျော်

မြန်မာ့လက်ရွေးစင်အသင်းသည်ဗီယက်နမ်နိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်ရန်အတွက် ကြိုတင်သွားရောက်ခြင်းဖြစ်ပြီး (၂)သင်းစလုံးမှာ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းကစားခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာအသင်း နည်းပြချုပ်ဖြစ်သူ အေဗရာမိုဗစ်(ဆားဘီးယား)က ၎င်း၏အသင်းမှာ အားနည်းချက်များစွာရှိနေကြောင်းနှင့် တစ်ဖက်အသင်းထံမှ ဘောလုံးဖြတ်တောက်ယူရာတွင် သေသပ်မှုမရှိကြောင်း ပြောကြားခဲ့သည်။ အေဗရာမိုဗစ်က "ကျွန်တော့်ကစားသမားတွေဟာ အိုဆာကာနဲ့ပွဲကို အရေးမကြီးဘူးဆိုတဲ့ ပုံစံမျိုးနဲ့ ကစားခဲ့ကြပါတယ်။ အပေးအယူလုပ်တာလည်း အလွန်နည်းတာကိုတွေ့ရပါတယ်။ အဲဒီအားနည်းချက်တွေကို ပြင်ဖို့လိုပါတယ်။ ပြီးခဲ့တဲ့ AFC Challenge Cup ပြိုင်ပွဲတုန်းကလည်း တစ်ဖက်အသင်းဆီကနေ ဘောလုံးဖြတ်တောက်ယူရာမှာ သေသပ်မှုမရှိတာကို တွေ့ရပါတယ်။ အခုလည်း အဲဒီပုံစံအတိုင်း တွေ့နေရတုန်းပါပဲ။ ခုံဖြတ်ချက်ချတဲ့နေရာမှာ ပြတ်ပြတ်သားသားရှိဖို့လိုသလို ယုံကြည်မှုရှိရှိနဲ့ ဘောလုံးကိုကိုင်ကစားတတ်ဖို့လိုပါသေးတယ်" ဟု ပြောကြားခဲ့သည်။

## မြန်မာ ယူ-၁၉ အသင်း ဂျာမနီနိုင်ငံသို့ ထွက်ခွာ

မြန်မာ ယူ-၁၉ အသင်းသည် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၌ နေထိုင်လေ့ကျင့်ပြီး ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန်အတွက် ပြီးခဲ့သည့် ဇွန်(၃၀)ရက်က ရန်ကုန်မြို့မှထွက်ခွာသွားခဲ့ကြောင်း သိရသည်။ မြန်မာ ယူ-၁၉ အသင်းသည် ဇူလိုင်(၃၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄)ရက်များတွင် ဂျာမနီလူငယ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲ(၆)ပွဲ ယှဉ်ပြိုင်ကစားသွားရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာယူ-၁၉ အသင်းသည် ဂျာမနီနိုင်ငံမှတဆင့် အင်္ဂလန်(သို့မဟုတ်) ဆလိုဗက်ကီးယားနိုင်ငံသို့သွားရောက်၍ နေထိုင်လေ့ကျင့်ရန်လည်း စီစဉ်နေလျက်ရှိကြောင်း သိရသည်။ မြန်မာယူ-၁၉ အသင်းသည် ဥရောပခရီးစဉ်မှ ပြန်လည်ရောက်ရှိလာအပြီးတွင် ဘရူနိုင်းဘုရင့်ဖလား၊ BIDC Cup၊ အာဆီယံယူ-၁၉နှင့် အာရှယူ-၁၉ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

## ၂၀၁၅ မှစ၍ ရောဝတီအသင်း အိမ်ကွင်းလက်ခံကျင်းပမည်

ရောဝတီယူနိုက်တက်အသင်းသည် လာမည့် ၂၀၁၅ ရာသီမှစ၍ အိမ်ကွင်းပွဲစဉ်များကို လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ရောဝတီယူနိုက်တက်အသင်းသည် ၎င်းတို့၏အိမ်ကွင်းဖြစ်သည့် ပုသိမ်မြို့ရှိကျောက်တိုင်ကွင်းကို ပြုပြင်မွမ်းမံမှုများ ပြုလုပ်နေလျက်ရှိပြီး ယခုအခါ ရာခိုင်နှုန်း အတော်များများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ကွင်း၏မြက်ခင်းပြင်ကို အသစ်ပြန်လည်စိုက်ပျိုးမှုမှာလည်း ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကာ ပွဲကြည့်စင်များနှင့် ကစားသမားနားနေခန်းများမှာလည်း ရာခိုင်နှုန်းအတော်များများ ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။ ရောဝတီအသင်းသည် ၎င်းတို့ကွင်းကို ပရိသတ်(၈၀၀၀)ဆံ့ကွင်းအဖြစ် တည်ဆောက်နေကြောင်း သိရသည်။

# အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကိုယ်ကာယ ကြံ့ခိုင်မှုမယ်ပြိုင်ပွဲကို (၆၅)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့



(ဓာတ်ပုံ - ညီညီစိုးညွန့်)

ကာယဗလမောင် အငယ်တန်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေစဉ်၊ ဗိုလ်စွဲခဲ့သည့် အောင်စိုးမင်းမှာ ခါးနံပါတ်(၁၆) ဖြစ်သည်။

၂၀၁၄ ခုနှစ်၊ အိုလံပစ်နေ့အထိမ်းအမှတ် ကာယာဗလမောင်နှင့် ကိုယ်ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲကို ပြီးခဲ့သည့် ဇွန်(၂၈)ရက်က ရန်ကုန်မြို့ရှိ MCC ခန်းမတွင် ပြုလုပ်ခဲ့ရာ (၆၅)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ကာယဗလမောင်ပြိုင်ပွဲတွင် အငယ်တန်း၊ အလွတ်တန်းနှင့် အသက်(၅၀)နှစ်အထက် သက်ကြီးတန်းဟူ၍ အမျိုးအစား(၃)မျိုးခွဲခြားခဲ့သလို ကိုယ်ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲတွင်လည်း အရပ်(၅)ပေ(၃)လက်မအထက်နှင့် (၅)ပေ(၃)လက်မအောက်ဟူ၍ အမျိုးအစား(၂)မျိုးခွဲခြားကာ ကျင်းပခဲ့ကြောင်းသိရသည်။ ကာယဗလမောင် အငယ်တန်းပြိုင်ပွဲတွင် အောင်စိုးမင်းက ပထမ၊ ဇော်လင်းက ဒုတိယ၊ ဝင်သူအောင်က တတိယ၊ ကာယဗလမောင် အလွတ်တန်းပြိုင်ပွဲတွင် ထွန်းထွန်းအောင်က ပထမ၊ ညီဖြိုးက ဒုတိယ၊ သိန်းထွန်းဦးက တတိယ၊ ကာယဗလမောင် အသက်(၅၀)နှစ်အထက် သက်ကြီးတန်းပြိုင်ပွဲတွင် ဦးခွန်တင်မောင်မောင်က ပထမ၊ ဦးသင်းဝင်းက ဒုတိယ၊ ဦးပြားက တတိယဆုများ ရရှိခဲ့ကြောင်း သိရသည်။ ကိုယ်ကာယကြံ့ခိုင်မှုမယ် အရပ်(၅)ပေ(၃)လက်မအထက်ပြိုင်ပွဲတွင် ဆွေဆွေအောင်က ပထမ၊ ချယ်ရီမောင်က ဒုတိယ၊ ယုဝေခိုင်က တတိယ၊ ကိုယ်ကာယကြံ့ခိုင်မှုမယ် အရပ်(၅)ပေ(၃)လက်မအောက်ပြိုင်ပွဲတွင် ရွှမဝက ပထမ၊ ပိုးအိဖြိုးက ဒုတိယ၊ ဝိုင်းစန္ဒာလင်းက တတိယဆုများရရှိခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲကို ကာယဗလမောင် (၅၀)ဦး၊ ကိုယ်ကာယကြံ့ခိုင်မှုမယ် (၁၅)ဦး၊ စုစုပေါင်း(၆၅)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ပထမရရှိခဲ့သော အေးအေးစိုး၊ ဒုတိယရရှိခဲ့သော နန်းထက်ထက်လင်း၊ စတုတ္ထရရှိခဲ့သော ဟေမာန်နင်းတို့ (၃)ဦးမှာ ယခုပြိုင်ပွဲတွင် သရုပ်ပြသခဲ့ . . .**

စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၁၂)ကြိမ်မြောက် ကိုယ်ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲတွင် ပထမရရှိခဲ့သော အေးအေးစိုး၊ ဒုတိယရရှိခဲ့သော နန်းထက်ထက်လင်း၊ စတုတ္ထရရှိခဲ့သော ဟေမာန်နင်းတို့ (၃)ဦးမှာ ယခုပြိုင်ပွဲတွင် သရုပ်ပြသခဲ့ကြောင်း သိရသည်။ ယခုပြိုင်ပွဲကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ဆုကြေးငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

## မြန်မာဘော်လီဘောကစားသမား(၂)ဦးကို ထိုင်းကလပ် ချောင်ဘူရီအသင်း ကမ်းလှမ်း

မြန်မာ့လက်ရွေးစင် ဘော်လီဘောကစားသမားများဖြစ်သည့် အောင်သူနှင့် ကျော်ကျော်ထွေးတို့ (၂)ဦးကို ထိုင်းကလပ် ချောင်ဘူရီအသင်းက ခေါ်ယူရန် ကမ်းလှမ်းနေကြောင်း သိရသည်။

ထိုင်း ဘော်လီဘောကလပ် ချောင်ဘူရီအသင်းမှ တာဝန်ရှိသူများသည် ရန်ကုန်မြို့သို့ရောက်ရှိနေပြီး မြန်မာဘော်လီဘောကစားသမား(၂)ဦးကိုခေါ်ယူရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နေလျက်ရှိကြောင်း သိရသည်။ အောင်သူနှင့် ကျော်ကျော်ထွေးတို့ (၂)ဦးသည် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအပြီးတွင် ချောင်ဘူရီအသင်း၌ သွားရောက်ကစားခဲ့ဖူးပြီး ယခုအခါ ချောင်ဘူရီအသင်းကရင်းတို့(၂)ဦး၏ စွမ်းဆောင်ရည်ကို နှစ်သက်သဘောကျသောကြောင့် ထပ်မံခေါ်ယူရန် ကမ်းလှမ်းနေခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာဘော်လီဘောကစားသမားများသည် ပြည်ပအသင်းများသို့ ပရိုအဖြစ်သွားရောက်ကစားလေ့ရှိသည်။

## အရှေ့တောင်အာရှ ဗိုဗီနမ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

အရှေ့တောင်အာရှ ဗိုဗီနမ်အဖွဲ့ချုပ်ကဦးဆောင်ပြုလုပ်မည့် ဒုတိယအကြိမ် အရှေ့တောင်အာရှ ဗိုဗီနမ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို လာမည့်အောက်တိုဘာလအတွင်း၌ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပပြုလုပ်သွားရန်စီစဉ်ထားကြောင်း သိရသည်။ ပထမအကြိမ် အရှေ့တောင်အာရှ ဗိုဗီနမ်ပြိုင်ပွဲကို ပြီးခဲ့သည့် (၂၀၁၃)ခုနှစ်အတွင်းက ကျင်းပပြုလုပ်ခဲ့ပြီး ယင်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာဗိုဗီနမ်အားကစားအဖွဲ့မှာ အောင်မြင်မှုများရရှိခဲ့ကြောင်း သိရသည်။ မြန်မာဗိုဗီနမ်အားကစားအဖွဲ့ချုပ်ကို (၂၀၁၃)ခုနှစ်အတွင်းကဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့ကာ ရွှေ(၆)၊ ငွေ(၂)၊ ကြေး(၆)ဆုများ ရရှိခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် အရှေ့တောင်အာရှ ဗိုဗီနမ်ပြိုင်ပွဲနှင့်ပတ်သက်သည့် အချက်အလက်များ၊ ပြိုင်ပွဲကျင်းပမည့်ရက်နှင့် ပြိုင်ပွဲဝင်နိုင်ငံများကို လာမည့်ရက်ပိုင်းအတွင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။



(ဓာတ်ပုံ - ညီညီစိုးညွန့်)

လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာဗိုဗီနမ်ကစားသမား(၂)ဦး

# ပြည်တွင်းလှုပ်ရှားအားကစား

## အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ပြုလုပ်

၂၀၁၄ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲအင်အား မှတ်ပုံတင်ခြင်းနှင့် ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ပြီးခဲ့သည့် ဇွန်(၂၅)ရက်က နေပြည်တော်အားကစားဝန်ကြီးဌာန ရုံးအမှတ်(၃၁)တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးသောင်းထိုက်၊ ဦးဇော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ အစည်းအဝေးတွင် ပြိုင်ပွဲအတွက်ပြင်ဆင်ထားရှိမှုများ၊ အားကစားသမားများမှတ်ပုံတင်ရေး၊ ပြိုင်ပွဲစည်းမျဉ်းများ ပြန်လည်ပြုပြင်ရေးအစရှိသည်များကိုဆွေးနွေးခဲ့ကြောင်းသိရသည်။ - လှထုံ/ပညာ

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား တိုင်း/ပြည်နယ် အားကစားပြိုင်ပွဲများ ကျင်းပမည်

၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား၊ တိုင်း/ပြည်နယ် ဘော်လီဘော၊ ဘက်စကတ်ဘော၊ မီနီမာရသွန်၊ ဘောလုံး၊ ပန်ကြပ်ဆီလတ်၊ ကြက်တောင်အစရှိသည့် အားကစားပြိုင်ပွဲများကို ဇူလိုင်(၄)ရက်မှ(၁၃)ရက်အထိ တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘော်လီဘောပြိုင်ပွဲကို အမျိုးသား(၁၄)သင်း၊ အမျိုးသမီး(၁၀)သင်း၊ ဘက်စကတ်ဘောပြိုင်ပွဲကို အမျိုးသား(၁၄)သင်း၊ အမျိုးသမီး(၁၀)သင်း၊ မီနီမာရသွန်၊ ဘောလုံး၊ ပန်ကြပ်ဆီလတ်၊ ကြက်တောင်ပြိုင်ပွဲများကို ရှမ်းပြည်နယ်အတွင်းရှိခရိုင်ပေါင်းစုံမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

- စိုင်းအောင်မြတ် (တောင်ကြီး)



## အမျိုးသားအားကစားကော်မတီ ဥပဒေ(မူကြမ်း) ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေး ပြုလုပ်

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥပဒေ(မူကြမ်း)ရေးဆွဲရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြီးခဲ့သည့် ဇွန်(၂၇)ရက်က ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ မြန်မာနိုင်ငံအိုလံပစ်ကော်မတီရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ ဥပဒေ(မူကြမ်း)တွင်ထည့်သွင်းရေးဆွဲမည့် အချက်အလက်များ၊ ဖြည့်စွက်ထည့်သွင်းသင့်သည့် အချက်အလက်များကို တက်ရောက်လာသူများက အကြံပြုတင်ပြခဲ့ကြောင်း သိရသည်။ - လှထုံ/ပညာ

## အားကစားနည်းပြသင်တန်း အမှတ်စဉ်(၄/၂၀၁၄)ကို သင်တန်းသား (၁၇၁)ဦး တက်ရောက်ခဲ့

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တို့ပူးပေါင်း၍ အားကစားနည်းပြသင်တန်း အမှတ်စဉ် (၄/၂၀၁၄)ကို ဖွင့်လှစ်ခဲ့ရာ သင်တန်းသား (၁၇၁)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းကို ပြီးခဲ့သည့် ဇွန် (၂၃)ရက်မှ (၂၇)ရက်ထိ ဖွင့်လှစ်ခဲ့ပြီး စက်ဘီးအားကစားနည်းမှ (၄၉) ဦး၊ ဓားခုတ်အားကစားနည်းမှ (၂၆) ဦး၊ ဘက်စကတ်ဘောအားကစားနည်းမှ(၄၈)ဦး၊ ဘော်လီဘောအားကစားနည်းမှ (၄၈)ဦး၊ စုစုပေါင်း(၁၇၁) ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ သင်တန်းဆင်းပွဲကို ပြီးခဲ့သည့် ဇွန်(၂၇)ရက်က နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇော်ဝင်းတက်ရောက်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

- လှထုံ/ပညာ

*လာမယ့် ၂၀၁၄ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေတဲ့ မြန်မာ့လက်ရွေးစင်အသင်းနဲ့ ဂျေလိဂ်ကလပ် ဆီရီဇိုအိုဆာကာအသင်းတို့ဟာ ပြီးခဲ့တဲ့ ဇွန်(၂၈)ရက်က သုဝဏ္ဏကွင်းမှာ ခြေစမ်းကစားခဲ့ပါတယ်။ မြန်မာအသင်းဟာ ဂျေလိဂ်ရဲ့ ထိပ်တန်းအသင်းတစ်သင်းကို ရှုံးနိမ့်ခဲ့တာ၊ စုစည်းလေ့ကျင့်ချိန် ရက်ပိုင်းပဲရှိသေးပြီး အမာခံကစားသမားတချို့ ဒဏ်ရာပြဿနာနဲ့ ရင်ဆိုင်နေရလို့ ပုံစံကောင်းမရသေးတာကို လက်ခံလို့ရပေမယ့် အဆုံးသတ်ဂိုးသွင်းအားနည်းမှုတွေကိုတော့ အခုထိမပြင်နိုင်သေးပါဘူး။ မြန်မာအသင်းရဲ့ အားနည်းနေတဲ့ တိုက်စစ်ပိုင်းနဲ့ ခံစစ်ပိုင်းကို အမြန်ဆုံးပြုပြင်နိုင်ဖို့ လိုအပ်နေတာကတော့ သေချာပါတယ် ...*

# အရှုံးကနေသင်ခန်းစာယူပြီး ဆုဇူကီးအတွက်ပြင်ဆင်ရမယ့် မြန်မာ နာမည်ကျော်တွေမပါပေမယ့် နိုင်ပွဲအတွက်မခက်ခဲတဲ့ အိုဆာကာ

## မြန်မာအသင်းနှင့် ဆီရီဇိုအိုဆာကာအသင်းတို့၏ ပွဲပြီးသုံးသပ်ချက်

### မြန်မာ ၀-၁ ဆီရီဇိုအိုဆာကာ

မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်အဖြစ် ယှဉ်ပြိုင်ကစားတဲ့ပွဲမှာတော့ မြန်မာအသင်းဟာ ဒုတိယပိုင်းမှာ ပေးလိုက်ရတဲ့ ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရပါတယ်။ ဆီရီဇိုအိုဆာကာအသင်းမှာ ဥရုဂွေးလက်ရွေးစင်တိုက်စစ်မှူး ဒီယေဂိုဖော်လန်အပါအဝင် ဂျပန်၊ တောင်ကိုရီးယားလက်ရွေးစင်ကစားသမားတွေ မပါဝင်ခဲ့ပေမယ့် အသင်းကြီးတစ်သင်းပီသစွာ ပွဲကိုထိန်းကစားသွားနိုင်ခဲ့ပါတယ်။ ဂျေလိဂ်မှာ ရလဒ်တွေဆိုးရွားနေလို့ နည်းပြအပြောင်းအလဲပြုလုပ်ထားတဲ့ ဆီရီဇိုအိုဆာကာအသင်းဟာ နည်းပြသစ်မားကိုနစ်လက်ထက်မှာ အထိုင်မကျသေးပေမယ့် မြန်မာအသင်းဟာ ခက်ခဲတဲ့ပြိုင်ဘက်တော့မဟုတ်ခဲ့ပါဘူး။ ဆီရီဇိုအိုဆာကာအသင်းဟာ မြန်မာအသင်းဘက်ကို အတင်းဝင်၊ အတင်းထွက်ပုံစံနဲ့တိုက်စစ်ဆင်မကစားဘဲ အပိုင်ဂိုးသွင်းခွင့်ရအောင် စနစ်တကျ တိုက်စစ်ကစားခဲ့တာပါ။ မြန်မာအသင်းနည်းပြချုပ် အေဗရာမိုဗစ်ကတော့ ဒဏ်ရာရကစားသမားတွေများပြားနေလို့ ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပါတယ်။ အသင်းခေါင်းဆောင်အဖြစ် ဂိုးသမား သီဟစည်သူကတာဝန်ယူခဲ့ပြီး နောက်တန်းအတွင်းလူနေရာမှာ ဇော်မင်းထွန်းနဲ့ အောင်ဇော်ကိုတွဲပေးထားခဲ့ပါတယ်။ ညာအစွန်မှာ ရန်အောင်ဝင်းကိုထားကစားခဲ့ပြီး ခင်မောင်လွင်မပါနိုင်တဲ့ ဘယ်အစွန်နေရာကိုတော့ အောင်မိုးကို အသုံးပြုခဲ့ပါတယ်။ ပုံမှန်ကစားနေကျမဟုတ်တာကြောင့် အောင်မိုးခြေစွမ်းပြ ကစားနိုင်ခြင်းမရှိဘဲ အမှားများခဲ့ပါတယ်။ မြန်မာအသင်းရဲ့ဘယ်ခြမ်းဟာ အရင်ကတည်းက အားနည်းမှုတွေရှိခဲ့ပြီး ခင်မောင်လွင်မပါနိုင်ချိန်မှာ သိန်းသန်းဝင်းကို ရွေးသင့်ပေမယ့် အေဗရာမိုဗစ်ကတော့ ရွေးချယ်ခဲ့ခြင်းမရှိပါဘူး။ ကွင်းလယ်မှာ မင်းမင်းသူနဲ့ ရန်အောင်ကျော်တို့ကို တွဲပေးထားပြီး ညာခြမ်းမှာ အောင်ကျော်နိုင်၊ ဘယ်ခြမ်းမှာ ကျော်ဇေယျာဝင်းတို့ကို အသုံးပြုခဲ့ပါတယ်။ မြန်မာအသင်းဟာ ၄-၄-၂ ပုံစံနဲ့ ကစားခဲ့ပြီး ရှေ့မှာ ကျော်ကိုကိုနဲ့ စိုးမင်းဦးတို့ကို ကစားစေခဲ့ပါတယ်။ အောင်ကျော်နိုင်ကတော့ လက်ရွေးစင်ကစားသမားအဖြစ် ပထမဆုံးအကြိမ် ပွဲထွက်ခွင့်ရရှိတာဖြစ်ပါတယ်။ ဆီရီဇိုအိုဆာကာအသင်းဟာ ပွဲအစမှာ ပုံမှန်သာကစားနေလို့ မြန်မာအသင်းက ဗိကစားနိုင်ခဲ့ပါတယ်။ တိုက်စစ်မှူး ကျော်ကိုကိုဟာ ဆီရီဇိုအိုဆာကာအသင်း၊ နောက်တန်းကို ဖိအားပေးနိုင်ခဲ့ပေမယ့် တစ်ကိုယ်တော်ထိုးဖောက်မှုတွေက အရာမထင်ခဲ့သလို၊ ကစားဖော်တွေနဲ့ တွဲဖက်ကစားရာမှာလည်း လိုအပ်ချက်တွေရှိနေခဲ့ပဲဖြစ်ပါတယ်။ အေဗစ်ဒန်းရော ကြည်လင်းပါ မပါနိုင်လို့ တောင်ပံတွေက အလုပ်သိပ်မဖြစ်ခဲ့ပါဘူး။ (၂၅)မိနစ်လောက်အထိ မြန်မာအသင်းဟာ ဆီရီဇိုအိုဆာကာအသင်းဘက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး ကျော်ကိုကိုနဲ့ တောင်ပံကစားသမား အောင်ကျော်နိုင်တို့ အပိုင်အခွင့်အရေးတွေရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့ပါဘူး။ ဒုတိယပိုင်းအစမှာတော့ မြန်မာအသင်းဟာ လူအပြောင်းအလဲပြုလုပ်ခဲ့ပြီး အောင်မိုးနေရာမှာ ရဲဝင်းအောင်၊ မင်းမင်းသူနေရာမှာ အောင်ရှိုးသာမောင်၊ ရန်အောင်ကျော်နေရာမှာ နိုင်လင်းဦးတို့ကို ထည့်သွင်းကစားခဲ့ပါတယ်။ အောင်ရှိုးသာမောင်ဟာ ဒီရာသီ မကွေးအသင်းမှာ ခြေစွမ်းပြကစားနိုင်တာကြောင့် ရွေးချယ်ခံခဲ့ရတာဖြစ်ပြီး လက်ရွေးစင်ကစားသမားအဖြစ် ပထမဆုံးအကြိမ်ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။ ဆီရီဇိုအိုဆာကာအသင်းကတော့ ဒုတိယပိုင်းမှာတော့ တိုက်စစ်မြှင့်ကစားခဲ့ပြီး မြန်မာအသင်းဘက်ကို ဖိကစားလာခဲ့ပါတယ်။ ဆီရီဇိုအိုဆာကာအသင်းအတွက် အနိုင်ဂိုးကိုတော့ ပွဲချိန်(၅၂)မိနစ်မှာ ဟီရာနိုက သွင်းယူခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ မြန်မာအသင်းဟာ စည်သူအောင်၊ ကောင်းစည်သူ၊ နေလင်းထွန်းတို့ကိုထည့်ပြီး တိုက်စစ်မြှင့်ကစားခဲ့ပါတယ်။ ဒါပေမဲ့ ဆီရီဇိုအိုဆာကာအသင်းက မြန်မာအသင်းတိုက်စစ်ကို အမှားအယွင်းမရှိထိန်းချုပ်သွားနိုင်ခဲ့ပါတယ်။ မြန်မာအသင်းဟာ ဆုဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်တဲ့အနေနဲ့ လာမယ့် ဇူလိုင်လ(၂)ရက်မှာ ဗီယက်နမ်လက်ရွေးစင်အသင်းနဲ့ ထပ်မံခြေစမ်းမှာဖြစ်ပါတယ်။



မြန်မာအသင်းမှ ရန်အောင်ဝင်းနှင့် ဆီရီဇိုအိုဆာကာကစားသမားတစ်ဦးတို့ အကြိတ်အနယ်(ဓာတ်ပုံ - ညီညီစိုးညွှန့်)









# စီးရီးအေပြိုင်ပွဲ၏ ရုပ်သံမှုပိုင်ခွင့်(၃)နှစ်စာအား Sky Sport Italia နှင့် Mediaset တို့ ဝယ်ယူ




စီးရီးအေပြိုင်ပွဲ၏ရုပ်သံမှုပိုင်ခွင့်(၃)နှစ်စာအား Sky Sport Italia နှင့် Mediaset တို့က ဝယ်ယူနိုင်ခဲ့ကြောင်း သိရသည်။ Sky Sport Italia နှင့် Mediaset တို့သည် လာမည့် ၂၀၁၄-၁၅ ဘောလုံးရာသီမှ စတင်ကာ စီးရီးအေပြိုင်ပွဲများအား ထုတ်လွှင့်ရန် မှုပိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၇-၁၈ ဘောလုံးရာသီအထိ စာချုပ်ချုပ်ဆိုခဲ့သည်။ ယင်းရုပ်သံလိုင်း(၂)ခုသည် စီးရီးအေပြိုင်ပွဲများအား (၃)နှစ်စာထုတ်လွှင့်ခွင့်ရရန်အတွက် ယူရို(၉၄၃)သန်းအထိ ပေးကာဝယ်ယူခဲ့ရကြောင်းလည်း သိရသည်။

အီတလီဘောလုံးအဖွဲ့ချုပ်သည် စီးရီးအေပြိုင်ပွဲအား Package (အမျိုးအစား)(၅)မျိုးခွဲခြားကာ ရုပ်သံကြည့်ပရိသတ်များအား ရောင်းချသွားမည်ဖြစ်ပြီး Sky Sport Italia ရုပ်သံက Package A၊ Mediaset က Package B၊ Package D များကို ဝယ်ယူခွင့်ရခဲ့ကြောင်း သိရသည်။ Sky Sport Italia ရုပ်သံကယူရို(၃၅၇)သန်းဖြင့်ဝယ်ယူထားသည့်Package A တွင်ဂျူဗင်တပ်စ်၊ အေစီမီလန်၊ အင်တာမီလန်၊ နာပိုလီအသင်းများအပါအဝင်အသင်း(၈)သင်း၏ အိမ်ကွင်း၊ အဝေးကွင်းပွဲစဉ်(၂၄၈)ပွဲအား ဂြိုလ်တုရုပ်သံလိုင်းများမှ ထုတ်လွှင့်သွားမည်ဖြစ်သည်။ Mediaset ၏လက်အောက်ခံRTIရုပ်သံက Package B နှင့် Package D များကို ယူရိုသန်း(၅၈၆)သန်း ပေးကာဝယ်ယူခဲ့သည်။ Package B မှာမူ Package A တွင် ပါဝင်မည့်ပွဲစဉ်အားလုံးကို အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ Package D တွင် Package A နှင့် Package B တွင် မပါဝင်သည့် အသင်း(၁၂)သင်း၏ ပွဲစဉ်များအား တိုက်ရိုက်ပြသသွားမည်ဖြစ်သည်။

လက်ကျန် Package နှစ်မျိုးဖြစ်သည့် Package C နှင့် Package E များကိုမူ အီတလီဘောလုံးအဖွဲ့ချုပ်ထံမှ မည်သည့်ရုပ်သံဌာနကမှ ဝယ်ယူခဲ့ခြင်းမရှိကြောင်း သိရသည်။ Package C မှာ ပွဲကြို၊ ပွဲပြီးအင်တာဗျူးများ၊ သတင်းစာရှင်းလင်းပွဲများနှင့် အဝတ်လဲခန်းအတွင်းမှ ဖြစ်ရပ်များကို ရိုက်ကူးပြသမည်ဖြစ်ပြီး Package E မှာမူ ပွဲစဉ်တစ်ခုချင်းစီမှ ပွဲ(၃)ပွဲအား အွန်လိုင်းမှ ပြသသွားမည်ဖြစ်သည်။

**စီးရီးအေပြိုင်ပွဲအား လာမည့်ရာသီတွင် ပြသရန် မှုပိုင်ခွင့်ရယူထားသည့် ရုပ်သံလိုင်းများ**

ပြည်တွင်း

| | |
|---|---|
| Sky Italia - | ပွဲစဉ်အားလုံး |
| Mediaset - | အေစီမီလန်၊ အင်တာမီလန်၊ ဂျူဗင်တပ်စ်၊ လာဇီယို၊ ရိုးမား၊ နာပိုလီအသင်းများ၏ ပွဲအားလုံး |
| RAI - | ပွဲအားလုံး၏ Highlights များ |

ပြည်ပရုပ်သံလိုင်းအချို့

BT Sport (အင်္ဂလန်)၊ Canal+ (စပိန်)၊ beIN Sport USA (အမေရိကန်)၊ ESPN Brasil၊ ESPN Latin America (လက်တင်အမေရိက)

| | |
|---|---|
| Sky Italia - | ပွဲစဉ်အားလုံး |

## နည်းပြမက်ဇာရီအား စာချုပ်သစ်ချုပ်မည်ဟု အင်တာအသင်းဥက္ကဋ္ဌ အဲရစ်သိုဟာ ဖွင့်ဟ

အင်တာမီလန်အသင်း ဥက္ကဋ္ဌ အဲရစ်သိုဟာက လက်ရှိအသင်းနည်းပြ မက်ဇာရီအား စာချုပ်သစ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မက်ဇာရီသည် အင်တာမီလန်အသင်းနှင့် စာချုပ်သက်တမ်း(၁)နှစ်သာ ကျန်ရှိတော့သူဖြစ်ပြီး ၎င်း၏ အနာဂတ်နှင့်ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းမှုကိုအဲရစ်သိုဟာက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။ အဲရစ်သိုဟာက "အသင်းဒါရိုက်တာတစ်ဦးဖြစ်သူ ပီရိုအော့စီလီယိုနဲ့ မက်ဇာရီတို့ စာချုပ်သစ်ကိစ္စအတွက် အချိန်များစွာဆွေးနွေးခဲ့ပြီးကြပါပြီ။ မက်ဇာရီနဲ့အတူ ကျွန်တော်တို့ဆက်လက်လက်တွဲချင်ပါတယ်။ သူ့ရဲ့ စာချုပ်သက်တမ်းက တစ်နှစ်လောက်ကျန်နေသေးပြီး စာချုပ်သက်တမ်းတိုးမယ်ဆို ၂၀၁၆လောက်အထိဖြစ်မှာပါ" ဟုဆိုခဲ့သည်။

## ဆွမ်ဆီးမှ မီချူးအား နာပိုလီအသင်း ခေါ်ယူနိုင်ခဲ့ပြီဟု သတင်းထွက်ပေါ်

နာပိုလီအသင်းသည် ပရီးမီးယားလိဂ်ကလပ် ဆွမ်ဆီးအသင်းမှ စပိန်တိုက်စစ်မှူး မီချူးအား ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ စပိန်ပြည်တွင်းရေဒီယိုများမှ မီချူးသည် နာပိုလီအသင်းတည်ရှိရာ နေပယ်လ်မြို့သို့ ရောက်နေပြီး မကြာမီဆေးစစ်ဆေးမှု ခံယူဖွယ်ရှိနေကြောင်း သိရသည်။ လက်ရှိအချိန်တွင် နာပိုလီနှင့် ဆွမ်ဆီးအသင်းတို့သည် မီချူးအတွက် နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး အငှားနှင့် အပြီးသတ်မည်သို့ခေါ်ယူမည်ကို နာပိုလီအသင်းက စဉ်းစားနေပြီး အပြောင်းအရွှေ့မှာ မကြာမီအပြီးသတ်ဖွယ်ရှိနေသည်။ အသက်(၂၈)နှစ်အရွယ် မီချူးသည် ဆွမ်ဆီးအသင်းတွင် (၅၂)ပွဲကစား ဂိုး(၂၀)သွင်းယူပေးထားသည်။

## အေးဂျင့်ဖြစ်သူကြောင့် ဘာလိုတယ်လီ၏ အပြောင်းအရွှေ့ ရှုပ်ထွေးဖွယ်ရှိ

အာဆင်နယ်အသင်းမှ ခေါ်ယူရန် ပစ်မှတ်ထားခြင်းခံနေရသည့် အေစီမီလန်တိုက်စစ်မှူး ဘာလိုတယ်လီ၏ အပြောင်းအရွှေ့မှာ အေးဂျင့်ဖြစ်သူ မီနိုရိုင်အိုလာကြောင့် ရှုပ်ထွေးဖွယ်ရှိနေကြောင်း သိရသည်။ အေစီမီလန်အသင်း၏ဒု-ဥက္ကဋ္ဌ ဘာဘရာဘာလူစကိုနီသည်ဘာလိုတယ်လီအား ရောင်းချမည်မဟုတ်ဟု ပြောကြားခဲ့သော်လည်း အီတလီသတင်းစာ Tuttosport က ဘာလိုတယ်လီ၏ အေးဂျင့်ဖြစ်သူမီနိုရိုင်အိုလာသည် အေစီမီလန်နှင့် ဘာလိုတယ်လီတို့ ချုပ်ဆိုထားသော စာချုပ်ကိုပြန်လည်ဝယ်ယူကာ အပြောင်းအရွှေ့ကိစ္စအဝဝကိုချုပ်ကိုင်ဖွယ်ရှိနေသည်။ မီနိုရိုင်အိုလာသည် ဂျူဗင်တပ်စ်အသင်းအားကစားဒါရိုက်တာ ဘီပီမာရော့တာနှင့်တွေ့ဆုံမှုများရှိနေပြီး ဘာလိုတယ်လီအနေဖြင့်ဂျူဗင်တပ်စ်သို့ရောက်သွားနိုင်ကြောင်း Tuttosport ကဖော်ပြခဲ့သည်။

## BRIEF

- ❒ ပါးမားအသင်းသည် ဟော်ဖန်ဟင်မ်အသင်းမှ အငှားခေါ်ယူထားသည့် ဂါနာကွင်းလယ်လူ အကွာ့ရှ်ကို ယူရို(၂)သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့သည်။
- ❒ ရိုးမားအသင်းသည် အယ်လ်ဂျီးရီးယားအသင်းမှ အသက်(၂၄)နှစ်အရွယ် ကွင်းလယ်လူ ဘရာဟီမီအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ❒ အေစီမီလန်အသင်းကွင်းလယ်လူ ကာကာသည် ယခုအင်္ဂါနေ့၌ မေဂျာလိဂ်ကလပ် အော်လန်ဒိုစီးတီးအသင်းနှင့် စာချုပ်ချုပ်မည်ဖြစ်ပြီး မေဂျာလိဂ်မစတင်မီကာလအတွင်း ဘရာဇီးလ်ကလပ် ဆော်ပေါ်လိုတွင် သွားရောက်ကစားမည်ဖြစ်သည်။
- ❒ ဗီအိုရင်တီးနားအသင်းမှ ကိုလံဘီယာကွင်းလယ်လူ ကွာဒရာဒိုက ကိုလံဘီယာအသင်းအောင်မြင်မှုများမှာ စီးရီးအေပြိုင်ပွဲမှ ကစားသမားများကြောင့်ဟု ဆိုခဲ့သည်။
- ❒ နာပိုလီအသင်းဥက္ကဋ္ဌ ဒီလော်ရန်းတစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီ ကိုပါအီတာလီယာဖိုင်နယ်လ်ပွဲမတိုင်ခင် သေနတ်ပစ်ခံရသဖြင့် သေဆုံးခဲ့သူ နာပိုလီပရိသတ် အက်စ်ပိုစီတီ၏ ဈာပနသို့ တက်ရောက်ခဲ့သည်။
- ❒ လာဇီယိုအသင်းသည် ပါးမားအသင်းမှ အီတလီလက်ရွေးစင်ကွင်းလယ်လူ ပါရိုလိုအား ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

# အီတလီအသင်းအား ဂျူဗင်တပ်စ်နည်းပြ ကွန်တီ အချိန်ပိုင်းကိုင်တွယ်ဖွယ်ရှိ

ဂျူဗင်တပ်စ်အသင်းနည်းပြ ကွန်တီသည် အီတလီအသင်းအား အချိန်ပိုင်းနည်းပြတစ်ဦးအဖြစ် ကိုင်တွယ်ဖွယ်ရှိနေကြောင်း Sky Sport Italia ကဖော်ပြခဲ့သည်။ လက်ရှိအချိန်တွင် အီတလီဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများသည် နည်းပြသစ်ကို ရှာဖွေလျက်ရှိသော်လည်း လာမည့်ဩဂုတ်လအထိ ခန့်အပ်နိုင်ဖွယ်မရှိသေးကြောင်း သိရသည်။ သို့ဖြစ်ရာ စက်တင်ဘာလအတွင်း ယှဉ်ပြိုင်ကစားမည့် ယူရို-၂၀၁၆ ခြေစစ်ပွဲစဉ်များစတင်ချိန်တွင် တာဝန်ယူရန်အတွက် ကွန်တီအား အီတလီဘောလုံးအဖွဲ့ချုပ်က ကမ်းလှမ်းရန် စီစဉ်နေခြင်းဖြစ်သည်။

ယင်းသတင်းများနှင့် ပတ်သက်၍ ကာယကံရှင်ဖြစ်သူ ကွန်တီက ပြီးခဲ့သည့် တနင်္ဂနွေနေ့အထိ တစ်စုံတစ်ရာ မှတ်ချက်ပြုပြောကြားထားခြင်း မရှိသေးချေ။ အီတလီဘောလုံးအဖွဲ့ချုပ်သည် ဂျူဗင်တပ်စ်နည်းပြ ကွန်တီအပြင် ရိုးယဲယ်အသင်းမှ အီတလီလူမျိုးနည်းပြတစ်ဦးဖြစ်သူ အန်ဆယ်လော့တီကိုလည်း အချိန်ပိုင်းနည်းပြအဖြစ် ကမ်းလှမ်း ထားကြောင်း သိရသည်။ သို့သော် အီတလီလက်ရွေးစင်အသင်း၏ ကာလရှည်နည်းပြအဖြစ် ဆောင်ရွက်ရန်အတွက် အေစီမီလန်နည်းပြဟောင်း အယ်လီဂရီ၊ ဂါလာတာစာရေးနည်းပြဟောင်း မန်စီနီ၊ ဇင်းနစ်နည်းပြဟောင်း စပယ်လက်တီ၊ ဂျပန်အသင်းအား ကိုင်တွယ်နေသည့် အီတလီလူမျိုးနည်းပြ ဇက်ခရိုနီနှင့် အူဒီးနီးစ်နည်းပြဟောင်း ဂွဒိုလင်တို့မှာ ရေပန်းစားလျက်ရှိသည်။




ဂျူဗင်တပ်စ်အသင်းနည်းပြ ကွန်တီအား ယမန်နှစ်ရာသီက စီးရီးအေချန်ပီယံဆုရရှိခဲ့ပြီးချိန်၌ တွေ့ရစဉ်

# ဩစတြေးလျအိုးပင်းကြက်တောင်ရိုက်ပြိုင်ပွဲတွင် အိုလံပစ်ချန်ပီယံ လင်ဒန်းနှင့် အိန္ဒိယကြက်တောင်မယ် ဆိုင်နာနာဝယ်လ်တို့ဗိုလ်စွဲ

ကမ္ဘာ့ကြက်တောင်ရိုက်အဖွဲ့ချုပ် (BWF)၏ Super Series ပွဲစဉ်တစ်ပွဲဖြစ်သည့် ဩစတြေးလျအိုးပင်းကြက်တောင်ရိုက်ပြိုင်ပွဲ တစ်ဦးချင်းပွဲစဉ်များတွင် တရုတ်ကြက်တောင်သမား လင်ဒန်းနှင့် အိန္ဒိယနိုင်ငံသူ ဆိုင်နာနာဝယ်လ်တို့က အသီးသီး အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲတွင် လင်ဒန်းမှာ ဆီဒင်(၁၈)ရ အင်ဒိုနီးရှားကြက်တောင်သမား ဆိုင်မွန်ဆန်တိုဆိုနှင့်ဆုံတွေ့ခဲ့ပြီး ပထမပွဲငယ်ရှုံးနိမ့်ခဲ့သော်လည်း (၂) ပွဲဆက်အနိုင်ယူကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲကစားချိန် (၇၅)မိနစ်ကြာမြင့်ခဲ့ပြီး လင်ဒန်းမှာ ယခုပွဲအပါအဝင် ဆန်တိုဆိုနှင့် ထိပ်တိုက်တွေ့ဆုံမှု(၁၂)ပွဲတွင် (၁၁)ပွဲထိအနိုင်ရရှိထားခဲ့သည်။ အသက်(၃၀)နှစ်အရွယ်ရှိပြီဖြစ်သူ လင်ဒန်းမှာ ပြိုင်ပွဲများနှင့်(၇)လနီးပါးကြာ ဝေးကွာနေခဲ့မှုကြောင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်လည်း အဆင့်(၁၄၀)နေရာသို့ ကျဆင်းသွားခဲ့ရသည်။ အိုလံပစ်ရွှေတံဆိပ်ဆု(၂)ခုနှင့် ကမ္ဘာ့ချန်ပီယံဆု (၅) ကြိမ်အထိရရှိထားခဲ့သည့် လင်ဒန်းအနေဖြင့် ယခုပြိုင်ပွဲတွင် အဆင့်(၂၂)သာသတ်မှတ်ခံရသောကြောင့် ပထမအဆင့်မှ စတင်ယှဉ်ပြိုင်ကစားခဲ့ရပြီး ပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်မှုကြောင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်လည်း ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိနေသည်။ ယခုဗိုလ်လုပွဲမှာ လင်ဒန်းအတွက် (၂)နှစ်ကျော်ကာလအတွင်း ပထမဆုံး Super Series ဗိုလ်နယ်ပွဲလည်းဖြစ်ခဲ့သည်။

အမျိုးသမီးဗိုလ်လုပွဲတွင်မူ အိန္ဒိယကြက်ပွင့် ဆိုင်နာနာဝယ်လ်က (၄၃)မိနစ်သာ ယှဉ်ပြိုင်ကစားပြီး စပိန်ကြက်တောင်မယ် ကာရိုလိုင်းနားမာရင်ကို ၂၁-၁၈၊ ၂၁-၁၁ဖြင့် နစ်ပွဲပြတ် အနိုင်ရရှိခဲ့သည်။ နာဝယ်လ်သည် ဆီမီးဖိုင်နယ်တွင် ဆီဒင်ထိပ်ဆုံးရ တရုတ်နိုင်ငံသူဝမ်စီရှန်ကို အနိုင်ယူကျော်ဖြတ်လာခြင်းဖြစ်ပြီး ယခုဗိုလ်လုပွဲမှာ နာဝယ်လ်အတွက် (၂၀)လအတွင်း ပထမဆုံး Super Series ဗိုလ်လုပွဲစဉ်လည်းဖြစ်ခဲ့သည်။ အမျိုးသားနှစ်ယောက်တွဲတွင် တောင်ကိုရီးယားမှလီယောင်ဒေးနှင့် ယူးယွန်ဆောင်အတွဲက ထိုင်ဝမ်မှလီစန်းမှုနှင့် ဆိုင်းချာဆင်းအတွဲကို ၂၁-၁၄၊ ၂၁-၁၈ ဖြင့်လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲတွင် တရုတ်မှ ချင်းထီယန်းနှင့် ကျောင်ယွင်လေအတွဲက ဂျပန်မှ မတ်ဆုတိုမိုနှင့် တာကာဟာရှိအတွဲကို ၂၁-၁၅၊ ၂၁-၉ ဖြင့်လည်းကောင်း၊ အမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲတွင် တောင်ကိုရီးယားမှ ကိုဆောင်ဟွန်းနှင့် ကင်ဟာနားအတွဲက ဂျာမန်မှ မိုက်ကယ်ဖတ်ချ်နှင့် ဘာဂျစ်မီချယ်စ်အတွဲကို ၂၁-၁၆၊ ၂၁- ၁၇ ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။ ၂၀၁၄ ရာသီ၏ (၉)ပွဲမြောက် Super Series ပွဲစဉ်ဖြစ်သည့် ဒိန်းမတ်နိုင်ငံတွင် လာမည့်အောက်တိုဘာလ(၁၄)ရက်နေ့မှ (၁၉) ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ဆုဖလားနှင့်အတူတွေ့ရသည့် ဆန်တိုဆို(ဝဲ)နှင့် လင်ဒန်း(ယာ)(ပုံကြီး)၊ ဆိုင်နာနာဝယ်လ်(ပုံသေး)

## နေသဟာယပြိုင်ပွဲတွင် အသင်းလိုက်ပွဲစဉ်သာ အူစိန်ဘော့ယှဉ်ပြိုင်ဖွယ်ရှိနေ

ကမ္ဘာ့တာတိုဘုရင် အူစိန်ဘော့သည် ယခုလအတွင်းကျင်းပမည့် နေသဟာယအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိသော်လည်း အသင်းလိုက်လက်ဆင့်ကမ်းပွဲစဉ်တွင်သာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အူစိန်ဘော့သည် ယင်းပြိုင်ပွဲအတွက်လူရွေးပွဲဖြစ်သည့် ဂျမေကာချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိခဲ့သော်လည်း ဂျမေကာပြေးခုန်ပစ် စီမံခန့်ခွဲရေးအဖွဲ့အစည်းအနေဖြင့် နိုင်ငံ့ကိုယ်စားပြုရွေးချယ်ခဲ့လျှင် လက်ဆင့်ကမ်းပွဲစဉ်များတွင် ယှဉ်ပြိုင်သွားမည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

## ကမ္ဘာ့ဖလားအတွက် NBA ကစားသမား(၄)ဦးကို ဖိလစ်ပိုင် စမ်းသပ်ဦးမည်

ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် ဖိလစ်ပိုင်အမျိုးသားဘက်စကတ်ဘောအသင်းသည် NBA ကစားသမား(၄)ဦးကို အသင်းတွင် ထည့်သွင်းရွေးချယ်ရန် စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်ဘက်စကတ်ဘောသမားများဖြစ်သည့်ပေါလ်ဝီယာ့စ်၊ ဘလိတ်ဂရစ်ဖင်၊ ဒါမီယန်လီလတ်ဒ်၊ ဒီမာဒီရိုဇန်တို့ကို ယခုလအတွင်း စမ်းသပ်သွားမည်ဖြစ်ပြီး မကြာသေးမီကလည်း NBA ဘက်စကတ်ဘောသမား အန်ဒရေဘလက်ချ်ကို နိုင်ငံသားခံယူခွင့်ပေးထားခဲ့သည်။

## IN-BRIEF

- ဝင်ဘယ်လ်ဒန်ပြိုင်ပွဲတွင် တတိယအဆင့်မှပင်ထွက်ခဲ့ရသည့် တရုတ်တင်းနစ်မယ် လီနာက ပြိုင်ပွဲအကြိုပွဲများမကစားခဲ့ခြင်းသည် အဓိကအမှားဖြစ်ခဲ့သည်ဟု ဝန်ခံခဲ့သည်။
- ဒတ်ချ်ဂရင်းပရီပြိုင်ပွဲတွင် အဆင့်(၁၃)နေရာသာရရှိခဲ့သည့် ယမဟာအသင်းမှ လော်ရန်ဇိုက သူ၏စွမ်းဆောင်ရည်ဆိုးရွားစွာနိမ့်ကျမှုအတွက် တောင်းပန်မှုများပြုလုပ်ခဲ့သည်။
- မာစီဒီးစ်အသင်းမှ ဟာမီလ်တန်သည် ဖိအားများအောက်တွင် အသင်းနှင့်အဆင်မပြေမှုများရှိလာနေကြောင်း ဖော်ပြမှုများကို အသင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ နီကီလော်ဒါက ငြင်းဆန်ခဲ့သည်။
- ဂျမေကာတာတိုအပြေးသမား အဆာဖာပါဝဲလ်သည် နေသဟာယပြိုင်ပွဲအတွက် ဝင်ရောက်ရွေးချယ်ခံခြင်းမရှိသော်လည်း ပဲရစ်ဒိုင်းမွန်းလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

## ကမ္ဘာ့နံပါတ်(၁)တင်းနစ်မယ် ဆရီနာဝီလျံ (၉)နှစ်အတွင်း ဝင်ဘယ်လ်ဒန်ပြိုင်ပွဲတွင် အနိမ့်ဆုံးအဆင့်ဖြင့်ထွက်ခွာခဲ့ရ

ကမ္ဘာ့နံပါတ်(၁) အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် (၉) နှစ်အတွင်း ဝင်ဘယ်လ်ဒန်ပြိုင်ပွဲတွင် အနိမ့်ဆုံးအဆင့်ဖြင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။ ဆရီနာဝီလျံမှာ တတိယအဆင့်တွင်ပင် ဆီဒင် (၂၅)ရ ပြင်သစ်တင်းနစ်မယ် အဲလစ်ကော်နက်ကို ၆-၁၊ ၃-၆၊ ၄-၆ ဖြင့် ရှုံးနိမ့်သွားခဲ့ခြင်းဖြစ်သည်။




မိုးရွာသွန်းမှုများကြောင့် ပွဲချိန်မှာ (၄)နာရီကျော်ကြာမြင့်ခဲ့ပြီး ဆရီနာဝီလျံမှာ ၂၀၀၅ခုနှစ်က ယခုအဆင့်တွင်ပင် တစ်နိုင်ငံတည်းသူဂျေးကရေးဘတ်ကို ရှုံးနိမ့်ပြီးနောက်ပိုင်း အနိမ့်ဆုံးအဆင့်ဖြင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။ အင်္ဂါနေ့ပွဲစဉ်များအပြီး အမျိုးသမီးဆီဒင် ထိပ်ဆုံး(၁၀)ဦးတွင် (၃)ဦးမှာ တတိယအဆင့်တွင် ပြုတ်ကျန်ခဲ့ကာ (၅)ဦးသာစတုတ္ထအဆင့်သို့ တက်ရောက်လာခဲ့ပြီး အမျိုးသားတွင်မူ ဂျိုကိုဗစ်၊ နာဒယ်လ်၊ အန်ဒီမာရေး ဖက်ဒါရာစသည့် ထိပ်သီး(၄)ဦးစလုံး စတုတ္ထအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

## တစ်ပတ်အတွင်းကြည့်ရှုရမည့်အားကစားပြိုင်ပွဲများ

### ဂေါက်သီး

၂၀၁၃-၁၄ PGA Tour ပြိုင်ပွဲရာသီ၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် Greenbrier Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဇူလိုင်(၃)ရက်မှ (၆) ရက်နေ့အထိကျင်းပမည်ဖြစ်သည်။ (၂၉ပ TSP5မှ မြန်မာစံတော်ချိန်နံနက်အစောပိုင်းတွင် တိုက်ရိုက်ပြသမည်ဖြစ်သည်။)

### ဘော်လီဘော

အမျိုးသားအသင်းများ ယှဉ်ပြိုင်လျက်ရှိသည့် ၂၀၁၄ FIVB ကမ္ဘာ့ဘော်လီဘောအမှတ်ပေးပြိုင်ပွဲကို လာမည့် ဇူလိုင်လ(၂၀)ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ (၂၉ပ TSP6 ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသဖွယ်ရှိသည်။)

### တင်းနစ်

၂၀၁၄ တင်းနစ်ရာသီ၏တတိယမြောက် ဂရင်းစလင်းပြိုင်ပွဲဖြစ်သည့် ဝင်ဘယ်လ်ဒန်ပြိုင်ပွဲကို ပြီးခဲ့သည့်ဇွန်လ(၂၃)ရက်နေ့မှ ဇူလိုင်လ(၆)ရက်နေ့အထိယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (၂၉ပ Fox Sports မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။)

### ဖော်မြူလာဝမ်း

၂၀၁၄ ဖော်မြူလာဝမ်းပြိုင်ပွဲရာသီ၏ နဝမမြောက်ပွဲစဉ်ဖြစ်သည့် ဗြိတိန်ဂရင်းပရီပြိုင်ပွဲဖိုင်နယ်ပွဲစဉ်ကို ဇူလိုင်လ(၆)ရက်နေ့တွင် ပြုလုပ်သွားမည်ဖြစ်သည်။ (၂ ပေ STAR Sports မှ မြန်မာစံတော်ချိန် ညနေပိုင်းတွင် တိုက်ရိုက်ပြသမည်ဖြစ်သည်။)



## ယမဟာအသင်းနှင့် စာချုပ်သက်တမ်း(၂)နှစ် တိုးဖွယ်ရှိနေဟု ဗလန်တီနိုရော့စီ ဖွင့်ဟ

ယမဟာအသင်းမှ အီတလီဆိုင်ကယ်သမား ဗလန်တီနိုရော့စီက အသင်းနှင့်စာချုပ်သက်တမ်းကို (၂)နှစ်တိုးမြှင့်ဖွယ်ရှိနေသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော် ၎င်းကိုယ်တိုင်နှင့် ယမဟာအသင်း နှစ်ဖက်စလုံးမှလည်း စာချုပ်သစ်ချုပ်ဆိုမည့်ကိစ္စအတွက် လတ်တလောဆုံးဖြတ်ရန်အစီအစဉ်မရှိသေးကြောင်း သိရသည်။

## ခနေသဟာယပြိုင်ပွဲတွင် Track(ရုံတွင်း)နှင့် Road ပွဲစဉ်နှစ်ခုစလုံး ဝစ်ဂင်စ်ယှဉ်ပြိုင်မည်

ဗြိတိန်စက်ဘီးသမား ဘရက်ဒလေဝစ်ဂင်စ်က ၂၀၁၄ ခနေသဟာယအားကစားပြိုင်ပွဲတွင် Track(ရုံတွင်း)နှင့် Road ပွဲစဉ်နှစ်ခုစလုံးဝင်ရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဝစ်ဂင်စ်မှာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက Tour de France ပြိုင်ပွဲဝင် Sky အသင်းလူစာရင်းမှချန်လှပ်ခံခဲ့ရသည်။

## ၂၀၂၀ နွေရာသီအိုလံပစ် အားကစားကွင်းများ ပြောင်းလဲမှုနှင့်ပတ်သက်ပြီး IOC သတိပေးခဲ့

နိုင်ငံတကာအိုလံပစ်ကော်မတီ(IOC)သည် အားကစားကွင်းများပြောင်းလဲမှုနှင့်ပတ်သက်ပြီး ပြိုင်ပွဲကျင်းပရေးကော်မတီအား သတိပေးခဲ့သည်။ ဂျပန်အနေဖြင့် ကုန်ကျစရိတ်များကြောင့် ကွင်းများပြောင်းလဲရန် စီစဉ်နေခြင်းကို မူလတင်ပြထားသည့်အတိုင်းပြုလုပ်ရန် IOC မှ ညွှန်ကြားခဲ့သည်။

## လီဘရွန်ဂျိမ်းစ်နှင့်အတူ အသင်းဖော် ဒွိုင်းဝေဒီ အသင်းလက်မဲ့ကစားသမား ဖြစ်လာခဲ့

မီယာမီဟိသ်အသင်းမှ နာမည်ကြီး NBA ဘက်စကတ်ဘောသမား ဒွိုင်းဝေဒီသည် အသင်းဖော် လီဘရွန်ဂျိမ်းစ်နှင့်အတူ အသင်းလက်မဲ့(Free Agent) ကစားသမားဖြစ်လာခဲ့သည်။ အခြားနာမည်ကြီး ခရစ္စဘို့ရှ်မှာလည်း အသင်းလက်မဲ့ဖြစ်လာဖွယ်ရှိနေကြောင်း သတင်းများကဖော်ပြခဲ့သည်။

## IN-BRIEF

❒ အမေရိကန်တင်းနစ်မယ် ဗီးနပ်စ်ဝီလျံက ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲတတိယအဆင့်မှ ထွက်ခဲ့ရသော်လည်း အနားယူရန်အစီအစဉ်မရှိသေးကြောင်း ပြောကြားခဲ့သည်။

❒ ယခုနှစ် Giro d'Italia ပြိုင်ပွဲတွင် ပွဲစဉ်(၂)ပွဲအနိုင်ရရှိခဲ့သူ အီတလီစက်ဘီးသမား ယူလစ်ဆီသည် တားမြစ်ဆေးသုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

❒ ၂၀၁၆ ရီယိုနွေရာသီအိုလံပစ်ပြိုင်ပွဲအတွက်ပြင်ဆင်မည့် ဩစတြေးလျ ရေကူး၊ ရွက်လှေ၊ ကနူးအဖွဲ့ချုပ်များကို အစိုးရမှ ဘတ်ဂျက်တိုးမြှင့်ပေးခဲ့သည်။

❒ မလေးရှားအခြေစိုက် Caterham အသင်းသည် ဖော်မြူလာဝမ်းပြိုင်ပွဲမှ နုတ်ထွက်ဖွယ်ရှိနေကြောင်း အသင်းပိုင်ရှင် တိုနီဖာနန်ဒက်စ်က အရိပ်အမြွက်ပြောကြားခဲ့သည်။

❒ ယခုနှစ် ဘော်စတွန်မာရသွန်ချန်ပီယံ ကင်ညာအပြေးသမား ဂျက်တူးသည် အောက်တိုဘာလအတွင်းကျင်းပမည့် ချီကာဂိုမာရသွန်တွင် ချန်ပီယံဘွဲ့ ကာကွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

❒ ဘရှုတ်ကလင်းနက်စ်အသင်းနည်းပြ ဂျေဆင်ကစ်ဒ်သည် မီဝါကီဘက်ခ်အသင်းသို့ပြောင်းရွှေ့ရန်အတွက် ဆွေးနွေးရန် မိခင်ကလပ်အသင်းမှ ခွင့်ပြုခဲ့သည်။

## လက်ဝှေ့လောကမှ အပြီးသတ်အနားယူခဲ့ပြီဖြစ်ကြောင်း ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဟိုလီဖီး အတည်ပြု


Photo : wikipedia.org

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်းဖြစ်သူ အမေရိကန်လက်ဝှေ့အကျော်အမော် အီဗန်ဒါဟိုလီဖီးက လက်ဝှေ့လောကမှ အပြီးသတ်အနားယူခဲ့ပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။ ဟိုလီဖီးက ၂၀၁၁ခုနှစ်၊ မေလတွင် ဒိန်းမတ်လက်ဝှေ့သမား ဘရိုင်ယန်နီးလ်ဆင်ကို အလဲထိုးဖြင့်အနိုင်ယူပြီးကတည်းက လက်ဝှေ့ကြိုးဝိုင်းနှင့်ကင်းကွာလျက်ရှိနေခြင်းဖြစ်သည်။

လာမည့်အောက်တိုဘာလတွင် အသက်(၅၂)ပြည့်တော့မည့် ဟိုလီဖီးအား လက်ဝှေ့ကြိုးဝိုင်းတွင်ပြန်လည်မြင်တွေ့ရမည်လားဟု မေးမြန်းမှုကို ၎င်းကိုယ်တိုင်က ငြင်းဆန်ပြီး လက်ဝှေ့ထိုးသတ်လိုခြင်း ဆန္ဒမရှိတော့ဟု ဖြေကြားခဲ့သည်။ ဟိုလီဖီးသည် ကမ္ဘာ့ချန်ပီယံဘွဲ့ကို (၄)ကြိမ်အထိ ဆွတ်ခူးနိုင်ပြီး သူ၏လက်ဝှေ့သမားမှတ်တမ်းတွင် (၄၄)ပွဲနိုင်၊ (၂၉)ပွဲအလဲထိုးကာ သရေပွဲ(၂)ပွဲနှင့် ရှုံးပွဲ(၁၀)ပွဲရှိခဲ့သည်။

## ဝလာဒီမာနှင့်ပွဲအတွက် ထပ်မံဆေးစစ်ရန် ပူလက်ဗ်ဆန္ဒမရှိ

ဘူလ်ဂေးရီးယားလက်ဝှေ့သမား ကူဘရက်ပူလက်ဗ်သည် လာမည့်စက်တင်ဘာ(၆)ရက်နေ့တွင်ထိုးသတ်မည့်ပွဲမတိုင်မီ ထပ်မံဆေးစစ်မှုခံယူရန် ဆန္ဒမရှိကြောင်းပြောကြားခဲ့သည်။ လက်ဝှေ့သမားသက်တမ်းတွင် (၂၀)ပွဲစလုံး အနိုင်ရရှိထားသူ ပူလက်ဗ်က ၎င်းအနေဖြင့် (၁)နှစ်လျှင်အနည်းဆုံး(၆)ကြိမ်ဆေးစစ်ကြောင်း၊ ယခုကိစ္စမှာမူ ငွေကြေးဖြုန်းတီးမှုသက်သက်သာဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

## ဗြိတိန်အိုးပင်းအတွက် တိုက်ဂါးဝုဒ် ပြင်ဆင်မှုများစွာ ပြုလုပ်သွားမည်

ဂေါက်သီးအကျော်အမော် တိုက်ဂါးဝုဒ်က ဇူလိုင်လ(၁၇)ရက်နေ့တွင်ကျင်းပမည့် ဗြိတိန်အိုးပင်းအတွက် ပြင်ဆင်မှုများစွာပြုလုပ်ရဦးမည်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။ တိုက်ဂါးဝုဒ်သည် ကျောဒဏ်ရာကြောင့် (၃)လကျော်ကြာအနားယူနေခဲ့ရာမှ ပြန်လည်ယှဉ်ပြိုင်သည့် Quicken Loans National ပြိုင်ပွဲတွင် (၂)ရက်အပြီးတွင် Cut ကျော်နိုင်ခြင်းမရှိသည့်နောက် ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

## မက်မားကွက်ဇ် ဒတ်ချ်ဂရင်းပရီ MotoGP ပွဲစဉ်တွင် အနိုင်ရပြီး (၈)ပွဲဆက်ဗိုလ်စွဲ

စပိန်ဆိုင်ကယ်သမား မက်မားကွက်ဇ်သည် ပြီးခဲ့သည့်စနေနေ့က ကျင်းပခဲ့သော MotoGP ပြိုင်ပွဲရာသီ၏ (၈)ပွဲမြောက်ပွဲစဉ်ဖြစ်သည့် ဒတ်ချ်ဂရင်းပရီပြိုင်ပွဲတွင် ထပ်မံအနိုင်ရပြီး ရာသီအဖွင့်(၈)ပွဲဆက်တိုက်အနိုင်ရရှိခဲ့ကြောင်း AFP သတင်းဌာနက ဖော်ပြခဲ့သည်။ မက်မားကွက်ဇ်အနေဖြင့် Premier Class ပြိုင်ပွဲများတွင် ၁၉၇၁ခုနှစ်က အီတလီဆိုင်ကယ်သမား ဂျီယာကိုမိုအော်ဂတ်စတီနီပြီးနောက် ယင်းစံချိန်ရရှိသည့် ပထမဆုံးဆိုင်ကယ်သမားဖြစ်လာခဲ့သည်။

ရာသီဥတုအပူချိန် မြင့်မားမှုကြောင့် ပြိုင်ပွဲဝင်ဆိုင်ကယ်သမားများ အခက်တွေ့ခဲ့ရပြီး မက်မားကွက်ဇ်၊ ဒိုဗီဇီယိုဆိုအပါအဝင် ဆိုင်ကယ်သမားအများစု အပူပိုမိုခံနိုင်သည့် တာယာများကို ပြောင်းလဲပြိုင်ပွဲဝင်ခဲ့ရသည်။ မက်မားကွက်ဇ်သည် တစ်နိုင်ငံတည်းသား ဒိုဗီဇီယိုဆိုကို ပြိုင်ပွဲပြီးဆုံးရန် (၁၀)ပတ်အလိုတွင် ကျော်ဖြတ်ခဲ့ပြီးနောက် တောက်လျှောက်ဦးဆောင်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ တာယာပိုင်းပြောင်းလဲခဲ့သည့် ဆုံးဖြတ်ချက်မှာ မှန်ကန်ခဲ့ကြောင်းလည်း မက်မားကွက်ဇ်က ပွဲအပြီးတွင် မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ဒူကာတီအသင်းမှ ဒိုဗီဇီယိုဆိုက ဒုတိယ၊ ဟွန်ဒါအသင်းဖော် ပီဒရိုဆာက တတိယနေရာအသီးသီးရရှိခဲ့ပြီး နာမည်ကြီးအီတလီဆိုင်ကယ်သမား ဗလန်တီနိုရော့စီမှာမူ အဆင့်(၅)နေရာဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။ လက်ရှိကမ္ဘာ့ချန်ပီယံ မက်မားကွက်ဇ်အနေဖြင့် အမှတ်ပေးဇယားတွင် ရမှတ်ပေါင်း (၂၀၀)မှတ်အထိ ရရှိလာပြီး အနီးကပ်ပြိုင်ဘက်ဖြစ်သူ ရော့စီကို(၇၂)မှတ်အထိ ဖြတ်ထားနိုင်ခဲ့သည်။ မက်မားကွက်ဇ်၏ညီဖြစ်သူ အဲလက်မားကွက်ဇ်မှာလည်း ယင်းပြိုင်ပွဲ၏ Moto3 ပွဲစဉ်တွင်အနိုင်ရခဲ့သည်။



မက်မားကွက်ဇ်(ယာခု)နှင့် ဒိုဗီဇီယိုဆို(ယာစွန်)တို့အောင်ပွဲခံနေစဉ်



First Eleven Sports Journal Vol:15 No.4 3, July, 2014

# ကိန်းဂဏန်းများနှင့် ငြင်းခုံကြည့်ခြင်း

ကျော်ရင်

တစ်ခါတလေ ကိုယ်သိတဲ့အချက်၊ ကိုယ်လက်ခံထားတဲ့အချက်နဲ့ အမှန်တကယ်ဖြစ်နေတာ တက်တက်စင်အောင်လွဲနေတာမျိုးကြုံခဲ့ဖူးကြမှာပါ။ လူ့သဘာဝအရ ကိုယ့်ထင်မြင်ချက်အားလုံး ကြက်ခြေခတ်ခံရတဲ့ အခြေအနေမျိုးကို လက်ခံနိုင်လေ့မရှိပါဘူး။ ဒါပေမဲ့ ကမ္ဘာ့ဖလား အုပ်စုအဆင့် ကိန်းဂဏန်းတွေက ပုံမှန်ထင်မြင်ချက်အားလုံးကို ကြက်ခြေခတ်ခဲ့ပါတယ်။ ဒီမှာ ဗြိတိန်သတင်းစာဂါးဒီးယန်းကဆောင်းပါးရှင်တစ်ယောက်ဆိုရင် ကိန်းဂဏန်းတွေကပဲ လိမ်ညာနေသလားလို့ သံသယဝင်မိကြောင်း ရေးသားတယ်။ ဒါဆိုရင် ပုံမှန်ထင်မြင်ချက်တွေကို ကြက်ခြေခတ်ခဲ့တဲ့ ကိန်းဂဏန်းတွေရဲ့ အမေး၊ အဖြေကို လေ့လာကြည့်ချင်ပါတယ်။

ပထမဆုံးအနေနဲ့ ကမ္ဘာ့ဖလားမှာ ဂိုးသွင်းနှုန်းအမြင့်မားဆုံးကစားသမား။ ဘယ်သူလဲလို့မေးရင် စဉ်းစားစရာတောင်သိပ်မလိုပါဘူး။ မက်ဆီ၊ နေမာ၊ မူလာတို့က အုပ်စုအဆင့်မှာ(၄)ဂိုးစီသွင်းထားတယ်။ သူတို့ပဲပေါ့လို့ ဖြေကြည့်ပါတယ်။ ဒါပေမဲ့ ကိန်းဂဏန်းတွေက ကြက်ခြေခတ်ပါတယ်။ ဒီ(၃)ဦးထဲမှာ ဂိုးသွင်းနှုန်းအကောင်းဆုံးဆိုတဲ့ မက်ဆီတောင်မှ(၁)ဂိုးရဖို့ ပျမ်းမျှတစ်နာရီအချိန်ယူရတယ်။ တကယ်ဂိုးသွင်းနှုန်းအမြင့်မားဆုံးကစားသမားက ဟော်လန်ကွင်းလယ်လူ လီရွိုင်းဖာ။ (၁)ဂိုးရဖို့ ပျမ်းမျှ(၁၅)မိနစ်ပဲအချိန်ယူခဲ့ရပါတယ်တဲ့။ တကယ်တမ်းတော့ လီရွိုင်းဖာဟာ ကမ္ဘာ့ဖလားမှာ(၁၅)မိနစ်ပဲလူစားဝင်ကစားရသေးသူပါ။ ဒါပေမဲ့ သူက (၁)ဂိုးသွင်းနိုင်ခဲ့တော့ ကိန်းဂဏန်းအရဆိုရင် ဂိုးသွင်းနှုန်းအမြင့်ဆုံးဖြစ်နေပါတယ်။

အုပ်စုအဆင့်မှာ ဘယ်အသင်းက အကြမ်းတမ်းဆုံးကစားခဲ့သလဲ။ ပြစ်ဒဏ်ကျူးလွန်မှုအများဆုံးက ဘယ်အသင်းလဲဆိုတော့ ခပ်လွယ်လွယ်ပဲ ကစားပုံကြမ်းတယ်လို့သမုတ်ခြင်းခံထားရတဲ့ ဟွန်ဒူးရပ်စ်လို့ ဖြေလိုက်တယ်။ မှားပြန်တယ်။ ဟော်လန်ပါတဲ့။ Free-flowing Slick-attacking ကစားပုံနဲ့ အထင်ကြီးစရာဟော်လန်ကိုမှ အကြမ်းတမ်းဆုံး၊ အညစ်ပတ်ဆုံးအသင်းလို့ ကိန်းဂဏန်းတွေကဆိုပါတယ်။ ဟော်လန်ဟာ ပြစ်ဒဏ်ကျူးလွန်မှု(၆၈)ကြိမ်နဲ့ အကြမ်းတမ်းဆုံးဖြစ်ပြီး ကြမ်းတမ်းတယ်လို့ သမုတ်ခံထားရတဲ့ ဟွန်ဒူးရပ်စ်က(၄၆)ကြိမ်နဲ့ ထိပ်ဆုံး(၇)သင်းစာရင်းထဲမှာတောင် မပါဝင်ခဲ့ပါဘူး။

ဒါဆို ပြစ်ဒဏ်ကျူးလွန်ခံရမှုအများဆုံးအသင်းကို ခန့်မှန်းကြည့်လို့ဆိုပြန်တော့ အသင်းလိုက်ကစားပုံညက်တဲ့ စပိန်နဲ့ တစ်ဦးချင်းကစားပုံကောင်းတဲ့ အိမ်ရှင်ဘရာဇီးလ်လို့ မလွဲနိုင်အောင် (၂)သင်းဖြေပေးလိုက်တယ်။ နောက်ထပ် ကြက်ခြေခတ်တစ်ခု။ ဘယ်လိုမှ ထင်မထားတဲ့ တရားသေခံစစ်အထိုင်နဲ့ ဂရိအသင်းပါတဲ့။ (၆၁)ကြိမ်နဲ့ ပြစ်ဒဏ်အများဆုံးကျူးလွန်ခံထားရတယ်လို့ ဆိုပါတယ်။ တစ်ဆက်တည်း ပြစ်ဒဏ်အများဆုံးကျူးလွန်ခံထားရတဲ့ ကစားသမားကိုမေးတော့ နောက်ခံလူတွေရဲ့ပစ်မှတ်ဖြစ်တဲ့ မက်ဆီ၊ စီရော်နယ်လ်ဒို၊ နေမာလို့ ပါရမီရှင်(၃)ဦးကို ရွေးချယ်ပေးလိုက်တယ်။ မှားပြန်တယ်။ ဂရိတိုက်စစ်မှူး ဆမာရက်စ်လို့ ကိန်းဂဏန်းတွေက ညွှန်ပြပါတယ်။ ဆာမရက်စ်ကို ဂိုးမိုးခေါင်တဲ့တိုက်စစ်မှူးလို့သိထားပေမယ့် သူက ဂရိအသင်းအတွက် ဖရီးကစ်(၁၇)ကြိမ် ဖန်တီးပေးခဲ့ပြီး၊ သူ့လောက်နီးနီးကောင်းတဲ့သူက ချီလီတိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်ပဲရှိတယ်လို့ဆိုပါတယ်။

ကမ္ဘာ့အမြန်ဆုံးဘောလုံးသမားဟာ ဟော်လန်တောင်ပံကစားသမား ရော်ဘင်လို့ လူတွေသိခဲ့ပါတယ်။ ဒီတော့ ကမ္ဘာ့ဖလားမှာ အနှေးကွေးဆုံးကစားသမားကို ပြောပါလို့ ကိန်းဂဏန်းတွေက မေးခွန်းထုတ်ပြန်တယ်။ ဦးနောက်ထဲရောက်လာတာက မြန်နှုန်းအနိမ့်ဆုံးလို့ ယေဘုယျအားဖြင့်သတ်မှတ်ထားတာ ဗဟိုနောက်ခံလူတွေ။ ဒီထဲမှာမှ မက္ကဆီကိုနောက်ခံလူ မားကွက်ဇ်က (၃၅)နှစ်တောင်ရှိပြီဖြစ်လို့ အသက်အရွယ်အရ၊ ကစားတဲ့နေရာအရ သူပဲဖြစ်ရမယ်လို့ ဖြေလိုက်ပါတယ်။ လွဲချော်သွားပြန်တယ်။ အင်္ဂလန်တိုက်စစ်မှူး ရစ်ကီလမ်ဘတ်ပါတဲ့။ ဥရုဂွေးနဲ့ပွဲမှာ (၃)မိနစ်တာ လူစားဝင်ကစားခဲ့တဲ့ ရစ်ကီလမ်ဘတ်ရဲ့ မြန်နှုန်းဟာ တစ်နာရီကို(၁၆ ·၉) ကီလိုမီတာသာရှိပြီး အနှေးကွေးဆုံးကစားသမားအဖြစ်သတ်မှတ်ခံထားရပါတယ်။

နောက်ထပ် မေးခွန်းတစ်ခုက ခန့်မှန်းရအလွန်ခက်ပါတယ်။ ပွဲချိန်မိနစ်(၉၀)အတွင်း အမှန်တကယ် ဘောလုံးကစားတဲ့အချိန် (Actual Playing Time)ပါ။ ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားမှာတုန်းက (၆၉·၈)မိနစ်ရှိခဲ့တယ်လို့ အရိပ်အမြွက်ပေးထားတယ်။ ဥရောပထိပ်သီးလိဂ်(၄)ခုမှာလည်း အမှန်တကယ်ဘောလုံးကစားတဲ့အချိန်ဟာ (၇၀)မိနစ်ဝန်းကျင်ရှိတယ်လို့ မှတ်သားဖူးတာကြောင့် မမှားနိုင်အောင် လွန်ရောကျွံရော (၆၀-၈၀)မိနစ်လို့ဖြေလိုက်ပါတယ်။ ဒီအဖြေအတွက် ယုံကြည်ချက်မြင့်မားခဲ့ပေမယ့် ပြန်ရတာက ကြက်ခြေခတ်တစ်ခု ဖြစ်နေပြန်ပါတယ်။ လက်ရှိကမ္ဘာ့ဖလားမှာ အမှန်တကယ်ဘောလုံးကစားချိန်ဟာ (၅၅·၅)မိနစ်ပဲရှိတယ်လို့ ကိန်းဂဏန်းတွေကဆိုတော့ မယုံနိုင်အောင်ဖြစ်ခဲ့ရပါတယ်။ ပွဲတစ်ပွဲကိုမိနစ်(၉၀)နဲ့နာကျင်အချိန်ပိုပါထည့်တွက်ရင် (၉၃၊ ၉၄)မိနစ်လောက်ရှည်ကြာပါတယ်။ တွက်ကြည့်လိုက်ရင် တစ်ပွဲကို မိနစ်(၄၀)နီးပါး အလဟဿလေလွင့်နေတဲ့ သဘောဖြစ်နေပါတယ်။

ဖြေသမျှလွဲနေတော့ ကမ္ဘာ့ဖလားကိန်းဂဏန်းတွေက မေးခွန်းမထုတ်တော့ပါဘူး။ သူကိုယ်တိုင်ပဲပြောပါတော့တယ်။ ဘောလုံးဖြန့်ဝေမှုအများဆုံး ကွင်းလယ်ဗိုလ်ချုပ်ကို ပီယာလို၊ တိုနီကရူးစ်၊ အင်နီယေစတာလို သမားရိုးကျအတိုင်းမထင်ပါနဲ့။ အာဂျင်တီးနားကွင်းလယ်လူ မာရှေရာနိုဖြစ်ပါတယ်။ မာရှေရာနိုဟာ ပေးပို့မှုပေါင်း (၂၇၈)ကြိမ်ပြုလုပ်ခဲ့ပြီး သူ့နောက်မှာမှ တိုနီကရူးစ်(၂၆၀)ကြိမ်၊ ဖိလစ်လမ်း(၂၅၂)ကြိမ်၊ ပီယာလို(၂၄၉)ကြိမ်ဆိုပြီး ရပ်တည်နေပါတယ်။ ကစားအားအကောင်းဆုံး Energetic Midfielder ဟာလည်း အများထင်သလို အာဖရိက ကစားသမားတစ်ဦးမဟုတ်ပါဘူး။ အမေရိကန်ကွင်းလယ်လူ ဘရက်ဒလေဖြစ်ပါတယ်။ ဘရက်ဒလေဟာ အုပ်စု(၃)ပွဲမှာ (၃၈)ကီလိုမီတာအကွာအဝေးအထိ ပြေးလွှားကစားခဲ့တဲ့သူဖြစ်ခဲ့ပါတယ်။ ၂၀၁၀ ကမ္ဘာ့ဖလားဟာ Tiki-taka ခေတ်ကောင်းချိန်၊ ၂၀၁၄ ကမ္ဘာ့ဖလားဟာ Tiki-taka နေဝင်ချိန်။ ဒါကြောင့် ဒီကမ္ဘာ့ဖလားမှာ Passing တွေကျဆင်းလိမ့်မယ်လို့ တွေးရိုးတွေးစဉ်အတိုင်းတွေးရင် မှားပါဦးမယ်။ ၂၀၁၀ ကမ္ဘာ့ဖလားမှာ တစ်ပွဲပျမ်းမျှ Passing (၃၅၃) ကြိမ်သာရှိပြီး၊ ဒီကမ္ဘာ့ဖလားမှာတော့ တစ်ပွဲပျမ်းမျှ Passing (၃၈၄)ကြိမ်အထိရှိနေပါတယ်။ ကစားပုံကောင်းတဲ့အသင်း အောင်မြင်မှုရမယ် ဆိုတဲ့ အမြင်ကလည်းမမှန်ပါဘူး။ စပိန်နဲ့ အီတလီဟာ ဘောလုံးပိုင်ဆိုင်မှုမှာ (၆၁·၄% နဲ့ ၅၇·၆%) ရှိခဲ့တယ်။ အောင်မြင်တဲ့ပေးပို့မှုမှာ (၈၅% နဲ့ ၈၂%)ရှိခဲ့တယ်။ Passing ပေါင်း (၂၀၇၁ နဲ့ ၁၈၅၉)ကြိမ်ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့ ကစားပုံဟာ ကိန်းဂဏန်းတွေနဲ့ကြည့်ရင် အကောင်းဆုံးလို့ဆိုနိုင်ပါတယ်။ ဒါပေမဲ့ သူတို့လို ကစားပုံမကောင်းတဲ့ အယ်လ်ဂျီးရီးယား။ အောင်မြင်တဲ့ပေးပို့မှု(၆၈%)ပဲရှိတယ်။ Passing မှာ စပိန်ထက် (၈၀၀)ကြိမ်၊ အီတလီထက် (၆၀၀) ကြိမ် ပိုနည်းခဲ့တယ်။ ဒါပေမဲ့ စပိန်နဲ့ အီတလီ အုပ်စုအဆင့်ကထွက်ရချိန်မှာ အယ်လ်ဂျီးရီးယားက ရှုံးထွက်အဆင့်ကို တက်နိုင်ခဲ့ပါတယ်။ နောက်ထပ် ဟော်လန်ကိုကြည့်ပါဦး။ ပျမ်းမျှဘောလုံးပိုင်ဆိုင်မှု(၃၉ ·၅%)ပဲရှိခဲ့တယ်။ ကမ္ဘာ့ဖလား(၃၂)သင်းမှာ ဘောလုံးပိုင်ဆိုင်မှုကို စီနီယာချလိုက်ရင် ဟော်လန်ရဲ့နောက်မှာ အီရန် (၂၉·၇%)ပဲရှိတော့တယ်။ ဒါပေမဲ့ ဟော်လန်က သေမင်းတမန်အုပ်စုမှာ အုပ်စုဗိုလ်ဖြစ်ခဲ့ပါတယ်။ နောက်ထပ် ချီလီကို ဥပမာယူဦးမလား။ ဂိုးပေါက်ခြိမ်းခြောက်မှု (၂၅)ကြိမ်ပဲပြုလုပ်နိုင်ခဲ့တဲ့ ချီလီနောက်ပြန်လှည့်ကြည့်ရင် သူ့နောက်မှာ အီရန်ပဲရှိတော့တယ်။ ပေါ်တူဂီတောင်ပံကစားသမား စီရော်နယ်လ်ဒိုတစ်ဦးတည်း ဂိုးပေါက်ခြိမ်းခြောက်မှုထက် ချီလီက (၃)ကြိမ်ပဲသာတယ်။ ဒါပေမဲ့ ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့ပါတယ်။ ဂါနာလို ဂိုးပေါက်ခြိမ်းခြောက်မှု(၅၉)ကြိမ်နဲ့ ပြင်သစ်ပြီးရင် အများဆုံးဖြစ်ခဲ့တဲ့အသင်းကတော့ အုပ်စုဘိတ်ဆုံး နေရာကအိမ်ပြန်ခဲ့ရတာပါ။ ကမ္ဘာ့ဖလားမတိုင်ခင်က ဥရောပမှာ အောင်မြင်ခဲ့တာက လာလီဂါ။ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ် ဥရောပထိပ်ခေါင်ဖလား (၂)လုံးကို ရယူနိုင်ခဲ့တဲ့ လာလီဂါကစားသမားတွေပဲ ကမ္ဘာ့ဖလားကို ဦးဆောင်လိမ့်မယ်ဆိုတဲ့ အမြင်ကလည်း လွဲပြန်တယ်။ လာလီဂါကလပ်ရီးယဲယ်မက်ဒရစ်ကို အရှက်တကွဲရှုံးနိမ့်ခဲ့တဲ့ ဘောယန်မြူးနစ်အသင်းနဲ့ ဘွန်ဒက်စ်လီဂါကစားသမားတွေက ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွေရဲ့ သွင်းဂိုးကို ဦးဆောင်သွားခဲ့ပါတယ်။ ၁၉၉၄ ကစပြီး ၂၀၁၀ အထိ ကမ္ဘာ့ဖလား(၅)ကြိမ်မှာ အုပ်စုအဖွင့်ပွဲရှုံးပြီး ရှုံးထွက်တက်နိုင်ခဲ့တာ (၅)သင်းပဲရှိခဲ့တယ်။ ဒါကြောင့်အဖွင့်ပွဲရှုံးတဲ့အသင်းတွေ မျှော်လင့်ချက်နည်းတယ်ဆိုတာလည်း မှားပြန်တယ်။ ဒီကမ္ဘာ့ဖလားမှာအုပ်စုအဖွင့်ပွဲရှုံးတဲ့ ဂရိ၊ ဥရုဂွေး၊ အယ်လ်ဂျီးရီးယား (၃)သင်းအထိ ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့ဖလားမှာ နိုင်ပွဲရဖို့ဆိုရင် ဂိုးရဖောမှုစိတ်ချရမယ်ဆိုတာလည်း မှားပြန်တယ်။ ဘယ်လ်ဂျီယံဟာ အုပ်စု(၃)ပွဲစလုံးကို အနိုင်ရခဲ့တာမှာ ဂိုးအားလုံးကို ပွဲချိန်(၁၂) မိနစ်သာကျန်တော့တဲ့အချိန်မှ သွင်းယူသွားခဲ့တာဖြစ်ပါတယ်။



Photo: AFP

## ၂၀၁၄ ကမ္ဘာ့ဖလားအုပ်စုအဆင့်ကို အဓိပ္ပာယ်ဖွင့်ဆိုသည့် ကိန်းဂဏန်းအချို့

**၃၀၀** - လူမှုကွန်ရက် Twitter တွင် ကမ္ဘာ့ဖလားအကြောင်းရေးသားသည့် Tweets ပေါင်း သန်း(၃၀၀) ကျော်ရှိခဲ့ပြီး စံချိန်တင်ခဲ့။

**၁၃၆** - အုပ်စုအဆင့်တွင် သွင်းဂိုးပေါင်း ၁၃၆ ဂိုးရှိခဲ့ပြီး သမိုင်းတစ်လျှောက် စံချိန်တင်ခဲ့။

**၂၄** - လူစားဝင်ကစားသမားသွင်းယူသည့်ဂိုးပေါင်း ၂၄ ဂိုးရှိခဲ့ပြီး သမိုင်းတစ်လျှောက်စံချိန်တင်ခဲ့။

**၃၇** - စပိန်နှင့်ပွဲတွင် ဟော်လန်တောင်ပံကစားသမား ရော်ဘင် တစ်နာရီ(၃၇)ကီလိုမီတာနှုန်းပြေးနိုင်ခဲ့ပြီး ကမ္ဘာ့မြန်နှုန်းအမြင့်မားဆုံးဘောလုံးသမားအဖြစ် စံချိန်တင်။

**၁၇၁၀၀၀၀** - အင်္ဂလန်ကိုကယ်တင်ပြီး ဗြိတိန်ဘုရင်မကြီး၏အနမ်းရယူလိုဟု Twitter ၌ အီတလီတိုက်စစ်မှူး ဘာလိုတယ်လီရေးသားခဲ့မှုကို ဖြန့်ဝေမှုပေါင်းအကြိမ် (၁၇)သန်းကျော်ရှိခဲ့။

**၂၆** - အုပ်စုအဆင့်တွင် ဂိုးအများဆုံးသွင်းခဲ့သည့် ဘွန်ဒက်စ်လီဂါကစားသမားများ၏ သွင်းဂိုးအရေအတွက်ဖြစ်။

**၁၃** - အုပ်စုအဆင့်တွင် ဂိုးအများဆုံးသွင်းခဲ့သည့် ဘောယန်မြူးနစ်ကစားသမားများ၏ သွင်းဂိုးအရေအတွက်ဖြစ်။

First Eleven Sports Journal Vol:15 No.4 3, July, 2014

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်(၁၆)သင်းအဆင့်ပွဲစဉ်တွေထဲမှာ နောက်ဆုံး(၂)ပွဲအဖြစ် အာဂျင်တီးနားနဲ့ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံနဲ့ အမေရိကန်အသင်းတို့ ရင်ဆိုင်ကစားရမှာဖြစ်ပါတယ်။ ဥရောပက အသင်း(၂)သင်းဖြစ်တဲ့ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံတို့အတွက်တော့ ကျရှုံးသွားကြပြီဖြစ်တဲ့ အခြားဥရောပထိပ်သီးအသင်းအတော်များများနောက်မလိုက်ရအောင် ရုန်းကန်ရမှာဖြစ်ပါတယ်။

# အာဂျင်တီးနားနဲ့ ဘယ်လ်ဂျီယံတို့ပဲ ကွာတားဖိုင်နယ်ရောက်သွားဖို့များနေတဲ့

## ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်(၁၆)သင်းအဆင့် နောက်ဆုံးပွဲစဉ်(၂)ပွဲ သုံးသပ်ချက်


အာဂျင်တီးနားနှင့် ဆွစ်ဇာလန်အသင်းသားများအား လေ့ကျင့်ရေးကွင်းတွင် တွေ့ရစဉ်

### အာဂျင်တီးနား နှင့် ဆွစ်ဇာလန်

**အုပ်စု(၃)ပွဲဖြတ်သန်းမှု**

| အာဂျင်တီးနား | | ဆွစ်ဇာလန် | |
|---|---|---|---|
| ဘော့စနီးယား | W(N) (2-1) | အီကွေဒေါ | W(N) (2-1) |
| အီရန် | W(N) (1-0) | ပြင်သစ် | L(N) (2-5) |
| နိုက်ဂျီးရီးယား | W(N) (3-2) | ဟွန်ဒူးရပ်စ် | W(N) (3-0) |

**နောက်ဆုံး(၃)ပွဲ ထိပ်တိုက်တွေ့ဆုံခဲ့သမျှ**

| | | | |
|---|---|---|---|
| ၁၉၉၀(FRI) | ဆွစ်ဇာလန် | ၁-၁ | အာဂျင်တီးနား |
| ၂၀၀၇(FRI) | ဆွစ်ဇာလန် | ၁-၁ | အာဂျင်တီးနား |
| ၂၀၁၂FRI) | ဆွစ်ဇာလန် | ၁-၃ | အာဂျင်တီးနား |

ဆွစ်ဇာလန်ရင်ဆိုင်ရမယ့်အသင်းက ဒီပြိုင်ပွဲမှာ ရာနှုန်းပြည့်နိုင်ပွဲရထားတဲ့အသင်းဖြစ်နေတယ်။ ဒါပေမဲ့ အာဂျင်တီးနားအသင်းကလည်း အနိုင်ရခဲ့တဲ့ (၃)ပွဲစလုံးအားရစရာမရှိခဲ့ဘူး။ ပြိုင်ဘက်တွေကလည်း ထိပ်တန်းအဆင့်မရှိကြဘူး။ ဆွစ်ဇာလန်အနေအထားက ဘော့စနီးယားလောက်နဲ့ ချိန်ထိုးစဉ်းစားကြည့်လို့ရနိုင်တယ်။ ကစားဟန်လည်းဆင်တယ်။ ဆွစ်ဇာလန်က အုပ်စုအဆင့်မှာ ဥရောပပြိုင်ဘက်ပြင်သစ်ကို ဂိုးပြတ်ရှုံးခဲ့ပေမယ့် အမေရိကနစ်သင်းကိုအနိုင်ကစားခဲ့တယ်။ သူတို့အတွက် အဓိက စိုးရိမ်ရမှာက မက်ဆီကိုထိန်းချုပ်ဖို့ပဲ။ လွယ်တော့မလွယ်ဘူး။ အာဂျင်တီးနားပဲ တက်ဖို့များတယ်။ ဂိုးတော့မပြတ်နိုင်ဘူး။

### ဘယ်လ်ဂျီယံ နှင့် အမေရိကန်

**အုပ်စု(၃)ပွဲဖြတ်သန်းမှု**

| ဘယ်လ်ဂျီယံ | | အမေရိကန် | |
|---|---|---|---|
| အယ်လ်ဂျီးရီးယား | W(N)(2-1) | ဂါနာ | W(N) (2-1) |
| ရုရှား | W(N) (1-0) | ပေါ်တူဂီ | D(N) (2-2) |
| တောင်ကိုရီးယား | W(N) (1-0) | ဂျာမနီ | L(N) (0-1) |

**နောက်ဆုံး(၃)ပွဲ ထိပ်တိုက်တွေ့ဆုံခဲ့သမျှ**

| | | | |
|---|---|---|---|
| ၁၉၉၈(FRI) | ဘယ်လ်ဂျီယံ | ၂-၀ | အမေရိကန် |
| ၂၀၁၁(FRI) | ဘယ်လ်ဂျီယံ | ၁-၀ | အမေရိကန် |
| ၂၀၁၃(FRI) | အမေရိကန် | ၂-၄ | ဘယ်လ်ဂျီယံ |

အမေရိကန်အသင်းရဲ့ ဂျာမန် ချီတော်လူးရှင်းက အောင်မြင်တယ်လို့ပဲပြောရမယ်။ ဂျာမန်လူငယ်တွေ၊ ဘွန်ဒစ်လီဂါကစားသမားတွေက အမေရိကန်အတွက် ခြေစွမ်းပြနေကြတယ်။ ဘယ်လ်ဂျီယံကလည်း ထိပ်တန်းစုဖွဲ့မှုကိုပိုင်ဆိုင်ထားပြီး အုပ်စုတွင်း ရာနှုန်းပြည့်နိုင်ပွဲရခဲ့တယ်။ ဒါပေမဲ့ အုပ်စုချောင်လို့ ဒီရလဒ်ကိုရခဲ့တာဖြစ်ပြီး ခြေစွမ်းကတော့ သိပ်မစွံဘူး။ အမေရိကန်အနေနဲ့ ဘယ်လ်ဂျီယံထက် ကစားသမားအင်အားနိမ့်တယ်လို့ ဆိုနိုင်ပေမယ့် ပေါ်တူဂီ၊ ဂါနာ၊ ဂျာမနီတို့ကို ရင်ဆိုင်ခဲ့ပြီးပြီဖြစ်လို့ ဘယ်လ်ဂျီယံကိုလည်း ကြောက်နေမှာတော့မဟုတ်ဘူး။ မိနစ်(၉၀)သရေကျဖို့များတယ်။ ဘယ်လ်ဂျီယံနိုင်ရင်လည်း ဂိုးမပြတ်ဘူး။

**PROBABLE LINE-UP**







**PROBABLE LINE-UP**







အုပ်စုအဆင့်မှာ ခရိုအေးရှား၊ မက္ကဆီကို၊ ကင်မရွန်းတို့နဲ့ရင်ဆိုင်ခဲ့ပြီး ရှုံးထွက်အဆင့်မှာ ချီလီကို ခက်ခက်ခဲခဲကျော်ဖြတ်လာခဲ့တဲ့ အိမ်ရှင်ဘရာဇီးလ်အသင်းက ကွာတားဖိုင်နယ်အဆင့်မှာတော့ ပြိုင်ပွဲမှာ ခြေစွမ်းအပြနိုင်ဆုံးအသင်းတွေထဲက တစ်သင်းဖြစ်တဲ့ ကိုလံဘီယာအသင်းနဲ့ ဆုံတွေ့တော့မှာပါ။ ဒီပွဲက အိမ်ရှင်အသင်းအတွက် ဖြတ်သန်းခဲ့သမျှအသင်းတွေထဲမှာ အခက်ခဲဆုံးပွဲဖြစ်လာမှာဖြစ်ပြီး ချန်ပီယံအိပ်မက်အတွက် အဓိကအတားအဆီးတစ်ခုလည်းဖြစ်လာဖို့ရှိနေပါတယ်။

# အိမ်ရှင်အသင်းအတွက် အကြမ်းတမ်းဆုံး စောင့်ကြိုနေမယ့် ကိုလံဘီယာ

## ၂၀၁၄ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ် ပွဲကြို သုံးသပ်ချက်

### ဘရာဇီးလ် နှင့် ကိုလံဘီယာ

**နောက်ဆုံး(၄)ပွဲ အခြေအနေ**

| ဘရာဇီးလ် | | ကိုလံဘီယာ | |
|---|---|---|---|
| ခရိုအေးရှား | W(H) (3-1) | ဂရိ | W(N) (3-0) |
| မက္ကဆီကို | D(H) (0-0) | အိုင်ဗရီကို့စ် | W(N) (2-1) |
| ကင်မရွန်း | W(H) (4-1) | ဂျပန် | W(N) (4-1) |
| ချီလီ | D(H) (1-1) | ဥရုဂွေး | W(N) (2-0) |

**နောက်ဆုံး(၃)ပွဲ ထိပ်တိုက်တွေ့ဆုံခဲ့သမျှ**

| | | | |
|---|---|---|---|
| ၂၀၀၆(WCQ) | ဘရာဇီးလ် | ၀-၀ | ကိုလံဘီယာ |
| ၂၀၁၀(WCQ) | ကိုလံဘီယာ | ၀-၀ | ဘရာဇီးလ် |
| ၂၀၁၀(WCQ) | ဘရာဇီးလ် | ၀-၀ | ကိုလံဘီယာ |

အခုအချိန်မှာ အားလုံးက ကိုလံဘီယာကိုအသိအမှတ်ပြုနေကြပြီ။ အထင်ကြီးနေကြပြီ။ တကယ်ကောင်းတဲ့အသင်းဆိုတာ အသိအမှတ်ပြုထားကြပြီ။ ဘရာဇီးလ်မြေပေါ်မှာတောင် အိမ်ရှင်အသင်း ပြိုင်ပွဲကထွက်သွားရနိုင်တယ်လို့ မြင်နိုင်တဲ့အနေအထားမျိုးဖြစ်လာပြီ။ တကယ်တမ်းပြန်တွက်ကြည့်တော့လည်း ကိုလံဘီယာက ပရိသတ်အကြိုက်ကစားနိုင်ခဲ့တယ်။ ဘရာဇီးလ်က မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်ပဲ။ အားကောင်းတာတွေရှိသလို၊ စိတ်ပျက်စရာတွေလည်းတွေ့ရတယ်။ ဒါပေမဲ့ ဘရာဇီးလ်က ပွဲကျပ်တွေနဲ့ ရင်ဆိုင်ခဲ့ရပြီး ကိုလံဘီယာကတော့ ဥရုဂွေးနဲ့ပွဲကျမှ အသင်းကြီးတစ်သင်းနဲ့ စကစားရတာ။ ဒါတောင် ဆွာရက်ဇ်မပါဘူး။ ခြေစွမ်းကတော့အရမ်းကောင်းတယ်။ ဘရာဇီးလ်ရုန်းကန်ရမှာသေချာတယ်။ ဒါပေမဲ့ ဘရာဇီးလ်ပဲ ဆီမီးတက်လိမ့်မယ်။

**PROBABLE LINE-UP**









ကျောင်းရှေ့မှအလံတိုင်တွင် ကျောင်းအလံအား ဘေးလ် လွှင့်ထူပေးနေစဉ်




အမှတ်တရကျောက်စာပြားရှေ့တွင်မတ်တပ်ရပ်နေသည့် ဘေးလ်

# ဘေးလ်ရဲ့ အမှတ်တရ မွေးရပ်မြေအပြန်လမ်း

AK



ဝေးလ်စ်တောင်ပံကစားသမား ဘေးလ်က ရီးယဲယ်ကို စံချိန်တင်ပြောင်းရွှေ့ကြေးပြောင်းခဲ့သူ၊ ပထမဆုံး ယူရိုသန်း(၁၀၀)တန်ကစားသမားဆိုပြီးတော့လည်း နာမည်ကြီးခဲ့သူပါ။ ရီးယဲယ်နဲ့ ပထမဆုံးရာသီမှာပဲ အသင်းရဲ့ ဆယ်စုနှစ်တစ်ခု ကျော်ကြာ ဝေးကွာနေတဲ့ ချန်ပီယံလိဂ်ဖလား၊ Décima လို့ ရီးယဲယ်နဲ့ သက်ဆိုင်သူတွေ ကာလရှည်ကြွေးကြော်ခဲ့တဲ့ (၁၀)ကြိမ်မြောက် ချန်ပီယံလိဂ်ဖလားအောင်ပွဲမှာ သူရဲကောင်းဖြစ်ခဲ့သူဆိုရင်လည်း မမှားပါဘူး။ ဒီလို ဂုဏ်ဖြာတွေနဲ့ ဘေးလ်လို ကစားသမားတစ်ဦး ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ခဲ့ရတာ ကာယကံရှင်ဖြစ်သူအတွက် ဝမ်းနည်းစရာဖြစ်နေမလားလို့ စဉ်းစားချင်စရာပါပဲ။ တခြားတစ်ဖက်က ပြန်စဉ်းစားကြည့်မယ်ဆိုရင် ဘေးလ်ဟာ ပါရမီရှင်ဖြစ်နေပေမယ့် မွေးဖွားရာနိုင်ငံရဲ့ဘောလုံးအဆင့်အတန်းကြောင့် ကမ္ဘာ့ဖလားနဲ့ဝေးရာမှာ ရှိနေခဲ့ရပါတယ်။

ဒါပေမဲ့ ဘေးလ်ဟာ သူ့ရဲ့နိုင်ငံ ဝေးလ်စ်နဲ့ ဇာတိမြေကို အပြစ်တင်နေမယ့် လူစားမျိုးမဟုတ်ဘူးဆိုတာ သက်သေပြခဲ့တယ်။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ဝေးလ်စ်နိုင်ငံက မွေးရပ်မြေကိုရောက်လာပြီး မူလတန်းကျောင်းတစ်ကျောင်းကို ဖွင့်ပေးခဲ့တာပါ။ ကျောင်းရှေ့မှာတော့ ရာပေါင်းများစွာရှိတဲ့ ကလေးငယ်တွေဟာ ဘေးလ်ကို သူ့ရဲကောင်းတစ်ယောက်လို ကြိုဆိုခဲ့ကြတယ်။ ဘေးလ်ဟာ အဲဒီကျောင်းမှာ နာရီအတန်ကြာ အချိန်ပေးကာ တစ်ခန်းဝင်တစ်ခန်း ထွက်နှုတ်ဆက်စကားတွေ ဆိုခဲ့ပါတယ်။ ဘေးလ်ဟာ သူ့ရဲ့မွေးရပ်မြေကကျောင်းဖွင့်ပွဲမှာ ငယ်စဉ်တုန်းက သူ့ရဲ့ကျောင်းကြံ့ခိုင်ရေးမှူး ရီဒေါ်တ်နဲ့လည်း တွေ့ဆုံခဲ့ကြသေးတယ်။ ဒါ့အပြင် ဘေးလ်ဟာ ကျောင်းရှေ့က အလံတိုင်မှာ ပညာရေးအလံကို ကိုယ်တိုင်လွှင့်ထူပေးခဲ့ပြီး ကျောင်းသားတွေ၊ ကျောင်းသားမိဘတွေ၊ ရပ်မိရပ်ဖတွေနဲ့အတူ မျက်နှာစုံညီအစည်းအဝေးတစ်ခုမှာ ပါဝင်ခဲ့သေးတယ်။ ဒါကြောင့်မို့ ဘေးလ်အတွက် အမှတ်ရစရာနေ့တစ်နေ့ဖြစ်ခဲ့ရပြီး ဘေးလ်ရဲ့မွေးရပ်မြေက ကလေးငယ်တွေအတွက်လည်း အတုယူစရာလူတစ်ယောက်ကို မြင်ခဲ့ရတယ်လို့ ဆိုရပါမယ်။ မူလတန်းကျောင်းဖွင့်ပွဲအပြီးမှာတော့ ဘေးလ်ဟာ သူ့ရဲ့ဘောလုံးစွမ်းရည်ပြပွဲကို မွေးရပ်မြေက လမ်းမပေါ်တွေမှာ ပြသခဲ့ပါတယ်။ ကျောင်းဖွင့်ပွဲမှာတုန်းက ရက်ရွံ့သလို အပြုံးမျိုးနဲ့ ရှိနေခဲ့သူ ဘေးလ်ဟာ သူကျွမ်းကျင်တဲ့ ဘောလုံးစွမ်းရည်ပြပွဲမှာတော့ ယုံကြည်မှုအပြည့် လှုပ်ရှားမှုတွေနဲ့ တင်ဆက်နိုင်ခဲ့ပါတယ်။

မွေးရပ်မြေဟာ ဝေးနေရသူတွေအတွက် လွမ်းစရာကောင်းတာ အမှန်ပါ။ တစ်နယ်ရပ်ခြားစဝိန်မြေကနေ မွေးရပ်မြေကို ပြန်ရောက်လာသူ ဘေးလ်အတွက် ဒီတစ်ခါအိမ်ပြန်လမ်းဟာ ဂုဏ်ယူစရာအပြည့်ရှိနေခဲ့ပါတယ်။ ဘေးလ်ရဲ့မွေးရပ်မြေက မူလတန်းကျောင်းလေးရဲ့ တစ်နေရာမှာ "ဘေးလ်တကယ်ရောက်ဖွင့်လှစ်ပေးခဲ့သည်" ဆိုတဲ့ စာသားရေးထိုးထားတဲ့ ရွှေရောင်အဆင်းနဲ့ အမှတ်တရကျောက်စာပြားလေးတစ်ခုကလည်း ဘေးလ်ရဲ့တန်ဖိုးတစ်ခုကို ဖော်ပြပေးနေတာအမှန်ပါပဲ…။







# ဘရာဇီးလ်မှာ လူဆိုးဖမ်းတဲ့ မီဒီယာသမား

ဘရာဇီးလ်နိုင်ငံလမ်းမတွေပေါ်က ခုစရိုက်မှုတွေဟာ ကြောက်လန့်စရာကောင်းတယ်။ ကမ္ဘာ့ဖလားမတိုင်ခင်မှာ ဘရာဇီးလ်နိုင်ငံရဲ့မှုခင်းတွေက ပြိုင်ပွဲလာပရိသတ်တွေ၊ မီဒီယာသမားတွေကို ခြိမ်းခြောက်နေခဲ့ပါတယ်။ ဒီကြားထဲ ကမ္ဘာ့ဖလားကို ဆန့်ကျင်ဆန္ဒပြနေသူတွေကြောင့် ဘရာဇီးလ်မှာ လုံခြုံရေးကို အထူးစိုးရိမ်ခဲ့ကြရတယ်။ ဆန္ဒပြသူတွေပစ်လိုက်တဲ့ မီးကျည်ခေါင်းကိုမှန်ပြီး ဆေးရုံအရောက်မှာ သေဆုံးခဲ့တဲ့ ရုပ်သံဂျာနယ်လစ်တစ်ဦးရဲ့ဖြစ်ရပ်ကလည်း ပြိုင်ပွဲအကြို အမည်းစက်ဖြစ်ခဲ့တာအမှန်ပါပဲ။ ဒါပေမဲ့ ပြိုင်ပွဲကျင်းပချိန်မှာတော့ စိုးရိမ်စရာကောင်းခဲ့တဲ့ လုံခြုံရေးပြဿနာ ကြီးကြီးမားမားခေါင်းထောင်ခဲ့ခြင်းမရှိခဲ့လို့ ဘရာဇီးလ်အစိုးရ တာဝန်ရှိသူတွေ အမောပြေနေရတယ်။ အစိုးရတာဝန်ရှိသူတွေက လမ်းပေါ်ကခုစရိုက်မှုတွေကာကွယ်ဖို့ လုံခြုံရေးအင်အားကို တိုးမြှင့်ထားခဲ့လို့လည်း ပြဿနာတွေဝေးနေရတယ်လို့ ဆိုရပါမယ်။

ဘရာဇီးလ်လမ်းမတွေပေါ်မှာ ခုစရိုက်မှုတွေလျော့ပါးဖို့ အစိုးရတာဝန်ရှိသူတွေအပြင် မီဒီယာသမားတစ်ဦးကပါ မူးတွဲတာဝန်ယူခဲ့တာကို ပြီးခဲ့တဲ့ရက်ပိုင်းက တွေ့ခဲ့ရပါတယ်။ ခရစ်ကာမာရာလို့ အမည်ရတဲ့ Sky Sports ရုပ်သံက အစီအစဉ်တင်ဆက်သူတစ်ဦးဟာ လည်ဆွဲတစ်ခုကိုလုယူကာ ထွက်ပြေးလာသူ လမ်းပေါ်က လုယက်သူတစ်ဦးကို ဖမ်းဆီးပေးခဲ့တာပါ။ ခရစ်ကာမာရာဟာ လုယက်သူနောက်ကို ပြေးလိုက်ကာ အမိအရဖမ်းဆီးနိုင်ခဲ့တာဖြစ်ပြီး ဒီဖြစ်ရပ်ကို သူ့ရဲ့ Twitter စာမျက်နှာပေါ် ဓာတ်ပုံနဲ့တကွတင်ပြီး ပြသခဲ့ပါတယ်။ အသက်(၅၆)နှစ်အရွယ်ရှိပြီဖြစ်သူ ခရစ်ကာမာရာဟာ သူ့ရဲ့ Twitter စာမျက်နှာမှာ ဘောလုံးသမားဟောင်း၊ နည်းပြဟောင်း၊ ရုပ်သံအစီအစဉ်တင်ဆက်သူ စသဖြင့် သူကျင်လည်ခဲ့မှု၊ ကျင်လည်နေဆဲဖြစ်တဲ့ အလုပ်တွေကို ဖော်ပြထားပါတယ်။ လက်ရှိအချိန်မှာ လုယက်သူတစ်ဦးကို ဖမ်းပေးခဲ့လို့ မှုခင်းနှိမ်နင်းရေးသမားဆိုတဲ့ ဝိသေသတစ်ခုကို ထပ်တိုးသင့်နေပြီလို့ ဆိုရပါမယ်။

# 2014 WORLD CUP

ELEVEN SPORTS JOURNAL Vol : 15 SPECIAL SUPPLEMENT

# လက်တစ်စုံဖြင့် ထုဆစ်ခဲ့သော







၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲက ရှုံးထွက်အဆင့် ပထမဆုံးပွဲစဉ်မှာပဲ ပယ်နယ်တီ ဈေးဦးပေါက်သွားခဲ့ပါတယ်။ အိမ်ရှင်ဘရာဇီးလ်နဲ့ ချီလီတို့ ဆုံတွေ့တဲ့ပွဲမှာ ဘရာဇီးလ်အသင်းက နောက်ခံလူဒေးဗစ်လူးဝစ်ဇ်ရဲ့ (၁၈)မိနစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် (၃၂)မိနစ်မှာ ချီလီ တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်က ပြန်ချေပခဲ့ပြီး အချိန်ပိုဆက်ကစားတဲ့အထိ ဒီရလဒ်က အပြောင်းအလဲမရှိခဲ့တာကြောင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရတာပါ။ ပယ်နယ်တီဆိုတာ ကွင်းထဲမှာလက်တွေ့အဆုံးအဖြတ်ခံယူရတဲ့ကစားသမားတွေသာမက ပရိသတ်တွေအတွက်ပါ ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းပါတယ်။ ဘရာဇီးလ်နဲ့ ချီလီတို့ ပယ်နယ်တီအပြိုင်ကန်သွင်းမှုကို ကြည့်ရှုခဲ့တဲ့ပရိသတ်တွေထဲက အသက်(၆၉)နှစ်အရွယ် ဘရာဇီးလ်ပရိသတ်တစ်ဦး နှလုံးရောဂါနဲ့ သေဆုံးသွားခဲ့ရတယ်လို့ ဘရာဇီးလ်မီဒီယာတစ်ခုက အတည်ပြုထုတ်ပြန်ခဲ့ပါတယ်။ အသက်(၅၀)အရွယ် အမျိုးသမီးပရိသတ်တစ်ဦးကို အရေးပေါ်ကုသပေးခဲ့ရပါတယ်။ စုစုပေါင်းလူ(၁၀၀)လောက် ပြုစုကုသမှုခံယူခဲ့ရတယ်လို့လည်း ဆိုပါတယ်။ ပယ်နယ်တီဆိုတာ အဲဒီလောက်အထိ ပရိသတ်တွေရဲ့နှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းရှိတဲ့ဘောလုံးအားကစားရဲ့ ဘာသာရပ်တစ်ခုပါ။ ဘရာဇီးလ်အသင်းက (၃-၂)ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဘရာဇီးလ်ပရိသတ်တွေအတွက် သူရဲကောင်းဖြစ်ခဲ့တာကတော့ ချီလီအသင်း ကန်သွင်းတဲ့ ပထမဆုံးပယ်နယ်တီနှစ်လုံးကို လက်စွမ်းပြကာကွယ်ပေးခဲ့တဲ့ဂိုးသမား ဂျူလီယိုဆီဆာပါပဲ။ ဒီတော့ ဘရာဇီးလ်အသင်းရဲ့ကမ္ဘာ့ဖလားချန်ပီယံအိပ်မက် ဆက်လက်ရှင်သန်စေဖို့ ဆီဆာက လက်တစ်စုံနဲ့ ထုဆစ်ပေးခဲ့တယ်လို့လည်း ဆိုရပါလိမ့်မယ်။

ဘောလုံးပွဲတစ်ပွဲမှာ တခြားကစားသမားတွေနဲ့ အသွင်မတူတဲ့ စွမ်းဆောင်ရည်ကို ပြသရတာက ဂိုးသမားတွေပါ။ သွင်းဂိုးတွေနဲ့ အနိုင်၊ အရှုံးအဆုံးအဖြတ်ပေးတဲ့ ဘောလုံးပြိုင်ပွဲမှာ ဂိုးပေါက်ကို လက်တစ်စုံနဲ့ စောင့်ကြပ်ရတဲ့ တစ်ဦးတည်းသော ကစားသမားလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ဟာ တိုက်စစ်မှူးတွေ၊ ကွင်းလယ်ဖန်တီးရှင်တွေလောက် နာမည်ကျော်ကြားလေ့မရှိပါဘူး။ အပြောင်းအရွှေ့ဈေးကွက်မှာ ခေါ်ယူချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်လေ့မရှိပါဘူး။ လစာငွေအများကြီး ရလေ့မရှိပါဘူး။ ဒါကလည်း သိပ်တော့ဆန်းတယ်လို့ မဆိုနိုင်ပါဘူး။ ဘောလုံးအသင်းတစ်သင်းမှာ တခြားနေရာအလိုက် ကစားသမားတွေ အတော်များများလိုအပ်ပေမယ့် ဂိုးသမားကတော့ နှစ်ဦးလောက်ရှိရင်ပဲ လုံလောက်နေတာကြောင့်ပါ။ ပွဲတစ်ပွဲမှာ ဂိုးသမားတစ်ယောက် ဘယ်လိုလက်စွမ်းပြ ကာကွယ်နိုင်ခဲ့တယ်ဆိုတာထက် တိုက်စစ်မှူးတစ်ဦးဘယ်လိုခြေစွမ်းပြ သွင်းယူလိုက်တယ်ဆိုတာကပဲ ပရိသတ်တွေရင်ထဲ ပိုပြီးစွဲထင်တတ်လေ့ရှိတာကလည်း အမှန်ပါပဲ။ ဒါပေမဲ့ အောင်မြင်တဲ့အသင်းတိုင်းမှာ စွမ်းရည်မြင့်မားတဲ့ဂိုးသမားတစ်ဦး လိုအပ်တာတော့ သေချာပါတယ်။ အလျား(၂၄)ပေ၊ အမြင့်(၈)ပေရှိတဲ့ဂိုးပေါက်ကိုစောင့်ကြပ်ဖို့ဆိုတာ လွယ်ကူတဲ့အခြင်းအရာ မဟုတ်ပါဘူး။ ဒီလိုအခြေအနေမှာ ပယ်နယ်တီဆိုတဲ့ဝေါဟာရက ဘောလုံးလောကထဲရောက်လာပြန်ပါတယ်။ သမိုင်းမှတ်တမ်းတွေအရ ရပ်ဘီအားကစားနည်းကနေ ဆွဲယူခဲ့တာဖြစ်ပြီး ဘောလုံးစည်းမျဉ်းဥပဒေတိုင်းရဲ့အစဖြစ်တဲ့ ဗြိတိန်မြေမှာပဲ သန္ဓေတည်ခဲ့တာပါ။ ဂိုးရေိယာထဲမှာ ပြစ်ဒဏ်ကျူးလွန်ရင် ပြိုင်ဘက်ကစားသမားကို ဂိုးသမားနဲ့တစ်ဦးချင်း ရင်ဆိုင်ကန်ခွင့်ပေးတာဖြစ်ပြီး ၁၈၉၀ ဝန်းကျင်မှာ စတင်ကျင့်သုံးခဲ့တာပါ။ အဲဒီနောက် ဖလားလုပွဲတွေမှာ ပွဲချိန်အတွင်း အဖြေမပေါ်တဲ့အခါ ပယ်နယ်တီအပြိုင်ကန်သွင်းပြီး အဆုံးအဖြတ်ခံယူဖို့ စီစဉ်လာခဲ့ကြပါတယ်။ အရင်ကတော့ ပွဲချိန်အတွင်း အဖြေမပေါ်ရင် ပြန်ကန်ပွဲကစားစေခဲ့တာပါ။ ကမ္ဘာ့ဖလားနဲ့ ပယ်နယ်တီအဆုံးအဖြတ်ရဲ့ ဆက်နွယ်မှုကတော့ ၁၉၇၈ မှာစပါတယ်။ ဒါပေမဲ့ အဲဒီပြိုင်ပွဲမှာ ပယ်နယ်တီကန်ရတဲ့အဆင့်ကို မရောက်ခဲ့ပါဘူး။ ၁၉၃၀ ကနေ ၁၉၇၄ အထိ ရှုံးထွက်ပွဲပေါင်း(၈၀)ကစားခဲ့ပါတယ်။ (၁၉၅၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရှုံးထွက်အဆင့် မရှိခဲ့ပါဘူး။) (၇၆)ပွဲက အချိန်ပိုမိနစ်(၁၂၀)အတွင်း အဖြေပေါ်ခဲ့ပြီး ကျန်(၄)ပွဲကိုတော့ ပြန်ကန်ပွဲတွေ ကစားခဲ့ရပါတယ်။ ပယ်နယ်တီအဆုံးအဖြတ်စတင်ခံယူခဲ့ရတာက ၁၉၈၂ ကမ္ဘာ့ဖလားဖြစ်ပါတယ်။ အနောက်ဂျာမနီနဲ့ ပြင်သစ်တို့ဆုံတွေ့ခဲ့တဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်မှာဖြစ်ပြီး အနောက်ဂျာမနီက(၅-၄)ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။

**ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသောပွဲစဉ်များ(၂၈-၆-၂၀၁၄ အထိ)**

| အသင်းနှင့်ပယ်နယ်တီရလဒ် | | | ကန်သွင်းမှု | လွဲချော်မှု | ပြိုင်ပွဲနှင့်အဆင့် |
|---|---|---|---|---|---|
| အနောက်ဂျာမနီ | ၅-၄ | ပြင်သစ် | ၆-၆ | ၁-၂ | ၁၉၈၂၊ ဆီမီးဖိုင်နယ် |
| ပြင်သစ် | ၄-၃ | ဘရာဇီးလ် | ၅-၅ | ၁-၂ | ၁၉၈၆၊ ကွာတားဖိုင်နယ် |
| အနောက်ဂျာမနီ | ၄-၁ | မက္ကဆီကို | ၄-၃ | ၀-၂ | ၁၉၈၆၊ ကွာတားဖိုင်နယ် |
| ဘယ်လ်ဂျီယံ | ၅-၄ | စပိန် | ၅-၅ | ၀-၁ | ၁၉၈၆၊ ကွာတားဖိုင်နယ် |
| အိုင်ယာလန် | ၅-၄ | ရိုမေးနီးယား | ၅-၅ | ၀-၁ | ၁၉၉၀၊ ရှုံးထွက်အဆင့် |
| အာဂျင်တီးနား | ၃-၂ | ယူဂိုဆလားဗီးယား | ၅-၅ | ၂-၃ | ၁၉၉၀၊ ကွာတားဖိုင်နယ် |
| အာဂျင်တီးနား | ၄-၃ | အီတလီ | ၄-၅ | ၀-၂ | ၁၉၉၀၊ ဆီမီးဖိုင်နယ် |
| အနောက်ဂျာမနီ | ၄-၃ | အင်္ဂလန် | ၄-၅ | ၀-၂ | ၁၉၉၀၊ ဆီမီးဖိုင်နယ် |
| ဘူလ်ဂေးရီးယား | ၃-၁ | မက္ကဆီကို | ၄-၄ | ၁-၃ | ၁၉၉၄၊ ရှုံးထွက်အဆင့် |
| ဆွီဒင် | ၅-၄ | ရိုမေးနီးယား | ၆-၆ | ၁-၂ | ၁၉၉၄၊ ကွာတားဖိုင်နယ် |
| ဘရာဇီးလ် | ၃-၂ | အီတလီ | ၄-၅ | ၁-၃ | ၁၉၉၄၊ ဖိုင်နယ် |
| အာဂျင်တီးနား | ၄-၃ | အင်္ဂလန် | ၅-၅ | ၁-၂ | ၁၉၉၈၊ ရှုံးထွက်အဆင့် |
| ပြင်သစ် | ၄-၃ | အီတလီ | ၅-၅ | ၁-၂ | ၁၉၉၈၊ ကွာတားဖိုင်နယ် |
| ဘရာဇီးလ် | ၄-၂ | ဟော်လန် | ၄-၄ | ၀-၂ | ၁၉၉၈၊ ဆီမီးဖိုင်နယ် |
| စပိန် | ၃-၂ | အိုင်ယာလန် | ၅-၅ | ၂-၃ | ၂၀၀၂၊ ရှုံးထွက်အဆင့် |
| တောင်ကိုရီးယား | ၅-၃ | စပိန် | ၅-၄ | ၀-၁ | ၂၀၀၂၊ ကွာတားဖိုင်နယ် |
| ယူကရိန်း | ၃-၀ | ဆွစ်ဇာလန် | ၄-၃ | ၁-၃ | ၂၀၀၆၊ ရှုံးထွက်အဆင့် |
| ဂျာမနီ | ၄-၂ | အာဂျင်တီးနား | ၄-၄ | ၀-၂ | ၂၀၀၆၊ ကွာတားဖိုင်နယ် |
| ပေါ်တူဂီ | ၃-၁ | အင်္ဂလန် | ၅-၄ | ၂-၃ | ၂၀၀၆၊ ကွာတားဖိုင်နယ် |
| အီတလီ | ၅-၃ | ပြင်သစ် | ၅-၄ | ၀-၁ | ၂၀၀၆၊ ဖိုင်နယ် |
| ပါရာဂွေး | ၅-၃ | ဂျပန် | ၅-၄ | ၀-၁ | ၂၀၁၀၊ ရှုံးထွက်အဆင့် |
| ဥရုဂွေး | ၄-၂ | ဂါနာ | ၅-၄ | ၁-၂ | ၂၀၁၀၊ ကွာတားဖိုင်နယ် |
| ဘရာဇီးလ် | ၃-၂ | ချီလီ | ၅-၅ | ၂-၃ | ၂၀၁၄၊ ရှုံးထွက်အဆင့် |

တယ်။ ပထမဆုံး ပယ်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရတဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ ဂျာမနီဟာ နောက်ထပ်မှတ်တမ်းကောင်းတစ်ခုကိုလည်း ပိုင်ဆိုင်ထားပါသေးတယ်။ ဒါကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပယ်နယ်တီအဆုံးအဖြတ်ခံယူရတဲ့ ပွဲတိုင်းရာနှုန်းပြည့်အနိုင်ရတဲ့စံချိန်ရှင်ဖြစ်နေတာပါပဲ။ အဆိုးဆုံးကတော့ (၃)ကြိမ်ကန်ခဲ့ရာမှာ (၃)ကြိမ်စလုံးရှုံးခဲ့တဲ့ အင်္ဂလန်အသင်းပါပဲ။

အခုချီလီကိုအနိုင်ယူခဲ့တဲ့ ဘရာဇီးလ်ကလည်း ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပယ်နယ်တီအဆုံးအဖြတ်အများဆုံး ခံယူထားရတဲ့စာရင်းမှာ ပါဝင်နေပါတယ်။ ချီလီနဲ့ပွဲအပါအဝင် ဆိုရင်တော့ ဘရာဇီးလ်က (၄)ကြိမ်ကန်ရာမှာ (၃)ကြိမ်နိုင်၊ (၁)ကြိမ်ရှုံးထားပါတယ်။ အရှုံးနဲ့စခဲ့ရခြင်းဖြစ်တာကြောင့် နောက်ဆုံး(၃)ကြိမ်ဆက်အနိုင်ရခဲ့တယ်လို့လည်း ဆိုနိုင်ပါတယ်။ ၁၉၈၂ ပြိုင်ပွဲကစပြီး ပယ်နယ်တီအဆုံးအဖြတ်မခံယူရတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ မရှိတော့ပေမယ့် အခုဘရာဇီးလ်ပွဲအပါအဝင်မှ စုစုပေါင်း(၂၃)ပွဲသာ ပယ်နယ်တီခံယူရပါသေးတယ်။ ဒီနေရာမှာ ထူးခြားတဲ့မှတ်တမ်းတစ်ခုကတော့ နောက်ဆုံး(၇)ကြိမ်မှာပယ်နယ်တီပထမဆုံး ကန်ခွင့်ရတဲ့အသင်းတိုင်း အနိုင်ရခဲ့တယ်ဆိုတာပါပဲ။ ဘရာဇီးလ်ကလည်း ချီလီနဲ့ပွဲမှာ ဒေးဗစ်လူးဝစ်ဇ်ရဲ့ကန်ချက်နဲ့ စဖွင့်ခဲ့တာပါ။ ချီလီအသင်းရဲ့ အဦးဆုံးကန်ချက်နှစ်ကြိမ်ကို ဘရာဇီးလ်ဂိုးသမား ဆီဆာ ကာကွယ်ခဲ့တာကြောင့် ဘရာဇီးလ်အသင်း အသာစီးရခဲ့ပေမယ့် ဝီလီယံနဲ့ ဟော့ခ်တို့ ဝင်အောင်မသွင်းနိုင်တာကြောင့် ပွဲက စောစောတော့ မပြတ်ခဲ့ပါဘူး။ ဘာပဲဖြစ်ဖြစ် အသင်းဖော်တွေရဲ့အမှားအယွင်းကို ခုသာခံသာဖြစ်စေခဲ့တာ ဆီဆာရဲ့ လက်စွမ်းကြောင့်ပါပဲ။ ဘရာဇီးလ်ပရိသတ်တွေကတော့ ဒီအချိန်မှာ ဂိုးသမားကြီးတာဖာရယ်လ်ကို အမှတ်ရနေကြပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ တာဖာရယ်လ်ဟာ ၁၉၉၄ နဲ့ ၁၉၉၈ ကမ္ဘာ့ဖလားနှစ်ကြိမ်ဆက် ဘရာဇီးလ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွေမှာ ကယ်တင်ပေးခဲ့သူဖြစ်တာကြောင့်ပါ။ ဒီနှစ်ကြိမ်ပေါင်း သူ့ရဲ့ကာကွယ်မှုကတော့ ပယ်နယ်တီ (၃)လုံးဖြစ်ပြီး ၁၉၉၄ ကတော့ နောက်ဆုံးဗိုလ်လုပွဲမှာ လက်စွမ်းပြပြီး ချန်ပီယံအိပ်မက်ကို လှပစွာထုဆစ်ပေးခဲ့တာဖြစ်ပါတယ်။ ဆီဆာ အနေနဲ့ရော ဒီလိုအခွင့်အရေး ရလာဦးမလား။ ဒါကိုတော့ စောင့်ကြည့်ကြရဦးမှာပါ။



**ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ပယ်နယ်တီအဆုံးအဖြတ် နှစ်ကြိမ်နှင့်အထက် ခံယူခဲ့ရသောအသင်းများ(၂၈-၆-၂၀၁၄အထိ)**

| အသင်း | အကြိမ် | နိုင် | ရှုံး | အနိုင်ရာခိုင်နှုန်း |
|---|---|---|---|---|
| ဂျာမနီ | ၄ | ၄ | ၀ | ၁၀၀% |
| အာဂျင်တီးနား | ၄ | ၃ | ၁ | ၇၅% |
| ဘရာဇီးလ် | ၄ | ၃ | ၁ | ၇၅% |
| ပြင်သစ် | ၄ | ၂ | ၂ | ၅၀% |
| အိုင်ယာလန် | ၂ | ၁ | ၁ | ၅၀% |
| စပိန် | ၃ | ၁ | ၂ | ၃၃% |
| အီတလီ | ၄ | ၁ | ၃ | ၂၅% |
| မက္ကဆီကို | ၂ | ၀ | ၂ | ၀% |
| ရိုမေးနီးယား | ၂ | ၀ | ၂ | ၀% |
| အင်္ဂလန် | ၃ | ၀ | ၃ | ၀% |

Photos : AFP

# ကွာတား (သို့မဟုတ်) နောက်ဆုံး(၈)သင်းအဆင့်ကို အကြိမ်အများဆုံးတက်ရောက်ခဲ့သည့် ဂျာမနီနှင့်ဘရာဇီးလ်



Photo : AFP

(၃)ကြိမ်သာဗိုလ်စွဲခဲ့သော်လည်း နောက်ဆုံး(၈)သင်းသို့ရောက်ရှိမှုတွင် ဘရာဇီးလ်အထက်ရပ်တည်နိုင်ခဲ့သည့် ဂျာမနီအသင်း

၁၉၃၀ ခုနှစ်မှစတင်ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နောက်ဆုံး(၈)သင်းအဆင့်(သို့မဟုတ်)ကွာတားဖိုင်နယ်အဆင့်သို့ အကြိမ်အများဆုံး တက်ရောက်နိုင်သည့်အသင်းများထဲ၌ ဥရောပထိပ်သီးဂျာမနီနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲ၏အအောင်မြင်ဆုံး ဘရာဇီးလ်အသင်းတို့က ဦးဆောင်လျက်ရှိနေသည်။ ဂျာမနီအသင်းမှာ ၁၉၅၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်၍ ပြီးခဲ့သည့် ၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲအထိ နောက်ဆုံး(၈)သင်းအဆင့်ကို(အကြိမ်တိုင်း) အနိမ့်ဆုံးတက်ရောက်နိုင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်လျက်ရှိနေသည်။ ဘရာဇီးလ်အသင်းမှာမူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်(၅)ကြိမ်ဗိုလ်စွဲကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိနေသော်လည်း ကွာတားဖိုင်နယ်(သို့မဟုတ်)နောက်ဆုံး(၈)သင်းသို့ တက်ရောက်နိုင်သည့်မှတ်တမ်းတွင်မူ ဂျာမနီကို အသာမရဘဲ ဒုတိယနေရာတွင်သာရပ်တည်လျက်ရှိနေသည်။ ဘရာဇီးလ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ(၅)ကြိမ်တွင် အနိမ့်ဆုံး ကွာတားဖိုင်နယ်သို့တက်ရောက်ကာ ချန်ပီယံ(၂)ကြိမ်၊ ဒုတိယ(၁)ကြိမ်ရရှိသည့်မှတ်တမ်းကောင်းကိုရရှိသော်လည်း ယင်းရှေ့ကစားခဲ့သော ၁၉၈၂၊ ၁၉၈၆၊ ၁၉၉၀ ကမ္ဘာ့ဖလား(၃)ကြိမ်တွင် ဒုတိယအဆင့်မှ(၂)ကြိမ်ထွက်ခဲ့ရကာ (၁)ကြိမ်သာ ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည်။

| အသင်း | အကြိမ် | ဆက်တိုက်တက်ရောက်နိုင်မှု | နောက်ဆုံးဆက်တိုက်တက်ရောက်မှု | နောက်ဆုံးရောက်ရှိသည့်ပြိုင်ပွဲ | အမြင့်ဆုံးအောင်မြင်မှု |
|---|---|---|---|---|---|
| ဂျာမနီ | (၁၆)ကြိမ် | (၁၅)ကြိမ် | (၁၅)ကြိမ် | ၂၀၁၀ | ချန်ပီယံ(၃ကြိမ်) |
| ဘရာဇီးလ် | (၁၆)ကြိမ် | (၅)ကြိမ် | (၅)ကြိမ် | ၂၀၁၀ | ချန်ပီယံ(၅ကြိမ်) |
| အီတလီ | (၁၀)ကြိမ် | (၃)ကြိမ် | - | ၂၀၀၆ | ချန်ပီယံ(၄ကြိမ်) |
| အင်္ဂလန် | (၁၀)ကြိမ် | (၃)ကြိမ် | - | ၂၀၀၆ | ချန်ပီယံ(၁ကြိမ်) |
| အာဂျင်တီးနား | (၉)ကြိမ် | (၂)ကြိမ် | (၂)ကြိမ် | ၂၀၁၀ | ချန်ပီယံ(၂ကြိမ်) |
| ဆားဘီးယား | (၇)ကြိမ် | (၄)ကြိမ် | - | ၁၉၉၀ | စတုတ္ထ(၂ကြိမ်) |
| ပြင်သစ် | (၇)ကြိမ် | (၂)ကြိမ် | - | ၂၀၀၆ | ချန်ပီယံ(၁ကြိမ်) |
| ဆွီဒင် | (၆)ကြိမ် | (၃)ကြိမ် | - | ၁၉၉၄ | ဒုတိယ(၁ကြိမ်) |
| ဥရုဂွေး | (၆)ကြိမ် | (၂)ကြိမ် | (၁)ကြိမ် | ၂၀၁၀ | ချန်ပီယံ(၂ကြိမ်) |
| စပိန် | (၆)ကြိမ် | (၁)ကြိမ် | (၁)ကြိမ် | ၂၀၁၀ | ချန်ပီယံ(၁ကြိမ်) |
| ရုရှား | (၅)ကြိမ် | (၄)ကြိမ် | - | ၁၉၈၂ | စတုတ္ထ(၁ကြိမ်) |
| ဟော်လန် | (၅)ကြိမ် | (၂)ကြိမ် | (၁)ကြိမ် | ၂၀၁၀ | ဒုတိယ(၃ကြိမ်) |

# အာရှအသင်းတွေ အဆိုးရွားဆုံးမှတ်တမ်းတင်ခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလား


Photo : AFP

ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲ(၄)ကြိမ်တွင် အဆိုးရွားဆုံးမှတ်တမ်းဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသော သြစတြေးလျအသင်း

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာရှဘောလုံးအဖွဲ့ချုပ်(AFC)လက်အောက်ရှိ အာရှအသင်းများအတွက် အဆိုးရွားဆုံးရှုံးနိမ့်မှုမှတ်တမ်းတင်ခဲ့သည့် ပြိုင်ပွဲဖြစ်ခဲ့သည်။ ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်၍ အာရှအသင်း(၄)သင်း ပြိုင်ပွဲသို့ဝင်ခွင့်ရခဲ့ပြီး (အာရှ အသင်း ၃ သင်း သို့မဟုတ် ၄ သင်းဝင်ခွင့်ရရာတွင် အီရန်အသင်းမှာ အမေရိကန်အသင်းကို နောက်ဆုံးဝင်ခွင့် Play-off ပွဲစဉ်တွင်အနိုင်ရပြီး ၄ သင်းဝင်ခွင့်ရရှိခဲ့) ယင်းပြိုင်ပွဲမှစတင်၍ ပုံမှန်(၄) သင်း ပါဝင်ကစားခဲ့သည်။ (အာရှအသင်းများမှာ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်၍ ၄ သင်း သို့မဟုတ် ၅ သင်း ဝင်ခွင့်ရသော်လည်း နောက်ဆုံးဝင်ခွင့် Play-off တွင်ရှုံးနိမ့်၍ ၄ သင်းသာ ဝင်ခွင့်ရခဲ့သည်။) နောက်ဆုံးကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ(၅)ကြိမ်တွင် အာရှအသင်းများမှာ (၄)သင်းစီပါဝင်ကစားခဲ့ရာ၌(၃)ကြိမ်တွင်(၁၉၉၈၊ ၂၀၀၆၊ ၂၀၁၄)အသင်းအားလုံး အုပ်စုအဆင့်မှပင် ထွက်ခဲ့ရသည်။ ယင်းကဲ့သို့ အုပ်စုမှထွက်ခဲ့ရာ၌လည်း ယခုတစ်ကြိမ်မှာ အဆိုးရွားဆုံးဖြစ်ခဲ့ပြီး ပြိုင်ပွဲဝင်အသင်း(၄)သင်းဖြစ်သည့် တောင်ကိုရီးယား၊ ဂျပန်၊ အီရန်၊ သြစတြေးလျအသင်းများမှာ နိုင်ပွဲတစ်ပွဲမှမရဘဲ ပြိုင်ပွဲမှထွက်ခဲ့ရခြင်းဖြစ်သည်။ သို့ဖြစ်ရာ ၁၉၉၈ ပြိုင်ပွဲမှစတင်၍ အာရှအသင်းများ၏ရပ်တည်မှုကို ဖော်ပြလိုက်ပါသည်။

**အာရှအသင်း(၄)သင်းပါဝင်ယှဉ်ပြိုင်ခဲ့သည့် နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲ(၅)ကြိမ်မှတ်တမ်း**

| ၁၉၉၈ | ၂၀၀၂ | ၂၀၀၆ | ၂၀၁၀ | ၂၀၁၄ |
|---|---|---|---|---|
| ဆော်ဒီအာရေဗျ(အုပ်စု)<br>(၁)ပွဲသရေ၊ (၂)ပွဲရှုံး၊ (၁)မှတ် | တရုတ်(အုပ်စု)<br>(၃)ပွဲရှုံး၊ (၀)မှတ် | အီရန်(အုပ်စု)<br>(၁)ပွဲသရေ၊ (၂)ပွဲရှုံး၊ (၁)မှတ် | တောင်ကိုရီးယား(ရှုံးထွက် ၁၆)<br>(၁)ပွဲနိုင်၊ (၁)ပွဲသရေ၊ (၁)ပွဲရှုံး၊ (၄)မှတ် | သြစတြေးလျ(အုပ်စု)<br>(၃)ပွဲရှုံး၊ (၀)မှတ် |
| တောင်ကိုရီးယား(အုပ်စု)<br>(၁)ပွဲသရေ၊ (၂)ပွဲရှုံး၊ (၁)မှတ် | တောင်ကိုရီးယား(ဆီမီးဖိုင်နယ်)<br>(၂)ပွဲနိုင်၊ (၁)ပွဲသရေ၊ (၇)မှတ် | ဂျပန်(အုပ်စု)<br>(၁)ပွဲသရေ၊ (၂)ပွဲရှုံး၊ (၁)မှတ် | ဂျပန်(ရှုံးထွက် ၁၆)<br>(၂)ပွဲနိုင်၊ (၁)ပွဲရှုံး၊ (၆)မှတ် | ဂျပန်(အုပ်စု)<br>(၁)ပွဲသရေ၊ (၂)ပွဲရှုံး၊ (၁)မှတ် |
| အီရန်(အုပ်စု)<br>(၁)ပွဲနိုင်၊ (၂)ပွဲရှုံး၊ (၃)မှတ် | ဆော်ဒီအာရေဗျ(အုပ်စု)<br>(၃)ပွဲရှုံး၊ (၀)မှတ် | တောင်ကိုရီးယား(အုပ်စု)<br>(၁)ပွဲနိုင်၊ (၁)ပွဲသရေ၊ (၁)ပွဲရှုံး၊ (၄)မှတ် | သြစတြေးလျ(အုပ်စု)<br>(၁)ပွဲနိုင်၊ (၁)ပွဲသရေ၊ (၁)ပွဲရှုံး၊ (၄)မှတ် | အီရန်(အုပ်စု)<br>(၁)ပွဲသရေ၊ (၂)ပွဲရှုံး၊ (၁)မှတ် |
| ဂျပန်(အုပ်စု)<br>(၃)ပွဲရှုံး၊ (၀)မှတ် | ဂျပန်(ရှုံးထွက် ၁၆)<br>(၂)ပွဲနိုင်၊ (၁)ပွဲသရေ၊ (၇)မှတ် | ဆော်ဒီအာရေဗျ(အုပ်စု)<br>(၁)ပွဲသရေ၊ (၂)ပွဲရှုံး၊ (၁)မှတ် | မြောက်ကိုရီးယား(အုပ်စု)<br>(၃)ပွဲရှုံး၊ (၀)မှတ် | တောင်ကိုရီးယား(အုပ်စု)<br>(၁)ပွဲသရေ၊ (၂)ပွဲရှုံး၊ (၁)မှတ် |

# ၁၉၈၂ နောက်ပိုင်း ဂိုးသွင်းအများဆုံး ကမ္ဘာ့ဖလားဖြစ်လာမလား

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သိသိသာသာထူးခြားသည့်အချက်မှာ ပြိုင်ပွဲတစ်ခုပြီး တစ်ခု သွင်းဂိုးများလျော့နည်းလာခြင်းပင်ဖြစ်သည်။ အစောပိုင်းကမ္ဘာ့ဖလားပြိုင်ပွဲများတွင် တစ်ပွဲပျမ်းမျှသွင်းဂိုး(၄)ဂိုးမှ (၅)ဂိုးအထက်ထိရှိခဲ့သော်လည်း ၁၉၆၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်၍ တစ်ပွဲပျမ်းမျှသွင်းဂိုး(၃)ဂိုးအောက်အထိ လျော့နည်းလာခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တစ်ပွဲပျမ်းမျှသွင်းဂိုးမှာ(၂.၂၇)ဂိုးသာရှိခဲ့ရာ ကျင်းပခဲ့သောပြိုင်ပွဲများထဲတွင် ဒုတိယသွင်းဂိုးအနည်းဆုံးပြိုင်ပွဲလည်းဖြစ်ခဲ့သည်။ လက်ရှိကျင်းပနေသော ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မူ သွင်းဂိုးများစွာကို ပရိသတ်တွေတွေ့မြင်ခဲ့ရပြီး တစ်ပွဲပျမ်းမျှသွင်းဂိုးနှုန်းမှာလည်း များစွာမြင့်တက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ပြီးခဲ့သည့်ဇွန်လ(၂၈)ရက်နေ့အထိ ကမ္ဘာ့ဖလားပွဲစဉ်(၅၀)ပွဲကစားပြီးဖြစ်ရာ သွင်းဂိုးစုစုပေါင်း(၁၄၀)ဂိုးရှိခဲ့သည်။ သို့ဖြစ်ရာ တစ်ပွဲပျမ်းမျှသွင်းဂိုး(၂.၈)ဂိုးရှိပြီး ယင်းပမာဏမှာ ၁၉၈၂ နောက်ပိုင်း အမြင့်ဆုံးဂိုးသွင်းနှုန်းလည်းဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ပျမ်းမျှဂိုးသွင်းနှုန်းနှင့် လက်ရှိ ၂၀၁၄ ကမ္ဘာ့ဖလား ပျမ်းမျှဂိုးသွင်းနှုန်းတို့ကို ပရိသတ်များသိရှိနိုင်ရန် ဖော်ပြလိုက်ပါသည်။

**ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲအလိုက် သွင်းဂိုးမှတ်တမ်း**

| ခုနှစ် | အသင်း | ပွဲ | ဂိုး | ဂိုးသွင်းဘုရင်(သွင်းဂိုး) | တစ်ပွဲပျမ်းမျှ |
|---|---|---|---|---|---|
| ၁၉၃၀ | ၁၃ | ၁၈ | ၇၀ | ၈ | ၃.၈၉ |
| ၁၉၃၄ | ၁၆ | ၁၇ | ၇၀ | ၅ | ၄.၁၂ |
| ၁၉၃၈ | ၁၅ | ၁၈ | ၈၄ | ၇ | ၄.၆၇ |
| ၁၉၅၀ | ၁၅ | ၂၂ | ၈၈ | ၉ | ၄.၀၀ |
| ၁၉၅၄ | ၁၆ | ၂၆ | ၁၄၀ | ၁၁ | ၅.၃၈ |
| ၁၉၅၈ | ၁၆ | ၃၅ | ၁၂၆ | ၁၃ | ၃.၆၀ |
| ၁၉၆၂ | ၁၆ | ၃၂ | ၈၉ | ၄ | ၂.၇၈ |
| ၁၉၆၆ | ၁၆ | ၃၂ | ၈၉ | ၉ | ၂.၇၈ |
| ၁၉၇၀ | ၁၆ | ၃၂ | ၉၅ | ၁၀ | ၂.၉၇ |
| ၁၉၇၄ | ၁၆ | ၃၈ | ၉၇ | ၇ | ၂.၅၅ |
| ၁၉၇၈ | ၁၆ | ၃၈ | ၁၀၂ | ၆ | ၂.၆၈ |
| ၁၉၈၂ | ၂၄ | ၅၂ | ၁၄၆ | ၆ | ၂.၈၁ |
| ၁၉၈၆ | ၂၄ | ၅၂ | ၁၃၂ | ၆ | ၂.၅၄ |
| ၁၉၉၀ | ၂၄ | ၅၂ | ၁၁၅ | ၆ | ၂.၂၁ |
| ၁၉၉၄ | ၂၄ | ၅၂ | ၁၄၁ | ၆ | ၂.၇၁ |
| ၁၉၉၈ | ၃၂ | ၆၄ | ၁၇၁ | ၆ | ၂.၆၇ |
| ၂၀၀၂ | ၃၂ | ၆၄ | ၁၆၁ | ၈ | ၂.၅၂ |
| ၂၀၀၆ | ၃၂ | ၆၄ | ၁၄၇ | ၅ | ၂.၃၀ |
| ၂၀၁၀ | ၃၂ | ၆၄ | ၁၄၅ | ၅ | ၂.၂၇ |
| ၂၀၁၄ | ၃၂ | ၅၀ | ၁၄၀ | - | ၂.၈၀ |

# ပယ်နယ်တီကန်သွင်းမှု(၉၀)ရာခိုင်နှုန်း ဂိုးအဖြစ်ပြောင်းလဲ

လက်ရှိကျင်းပနေသော ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပွဲစဉ်(၅၀)ကစားပြီးသည်အထိ (ပွဲချိန်အတွင်း)ပယ်နယ်တီ(၁၀)လုံးရှိခဲ့ပြီး ယင်းထဲမှလွဲချော်မှုမှာ (၁)လုံးသာရှိထားရာ ပွဲချိန်အတွင်းပယ်နယ်တီကန်သွင်းမှု(၉၀)ရာခိုင်နှုန်း အောင်မြင်နေခြင်းလည်းဖြစ်သည်။ ပယ်နယ်တီလွဲချော်သူမှာ ပြင်သစ်တိုက်စစ်မှူးဘန်ဇီမာဖြစ်ပြီး ပြင်သစ်-ဆွစ်ဇာလန်ပွဲတွင် လွဲချော်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဘန်ဇီမာသည် ပြင်သစ်အသင်း၏ ပွဲဦးထွက်ပွဲစဉ်ဖြစ်သည့် ဟွန်ဒူးရပ်စ်နှင့်ပွဲတွင်မူ ပြင်သစ်အသင်းအတွက် ပြိုင်ပွဲအဖွင့်ဂိုးကို ပယ်နယ်တီမှသွင်းယူပေးခဲ့သည်။


Photo : AFP

ပွဲချိန်အတွင်း ပယ်နယ်တီကန်သွင်းမှုတွင် တစ်လုံးတည်းသောဂိုးမဝင်ခဲ့သည့် ဘန်ဇီမာ၏ပယ်နယ်တီ

**ပွဲချိန်အတွင်း ပယ်နယ်တီဂိုးရရှိမှုနှင့်ကန်သွင်းကြသူများ**

| ကစားသမား | ပွဲ | | | မိနစ် | ဝင်/မဝင် |
|---|---|---|---|---|---|
| နေမာ | ဘရာဇီးလ် | ၃-၁ | ခရိုအေးရှား | (၇၁)မိနစ် | ဝင် |
| ဘန်ဇီမာ | ပြင်သစ် | ၃-၀ | ဟွန်ဒူးရပ်စ် | (၄၅)မိနစ် | ဝင် |
| အလွန်ဆို | စပိန် | ၁-၅ | ဟော်လန် | (၇၇)မိနစ် | ဝင် |
| ဂျီဒီနက် | သြစတြေးလျ | ၂-၃ | ဟော်လန် | (၅၄)မိနစ် | ဝင် |
| ကွာဒရာဒို | ကိုလံဘီယာ | ၄-၁ | ဂျပန် | (၁၇)မိနစ် | ဝင် |
| ကာဗာနီ | ဥရုဂွေး | ၁-၃ | ကော်စတာရီကာ | (၂၄)မိနစ် | ဝင် |
| မူလာ | ဂျာမနီ | ၄-၀ | ပေါ်တူဂီ | (၁၂)မိနစ် | ဝင် |
| ဖီဂူလီ | အယ်လ်ဂျီးရီးယား | ၁-၂ | ဘယ်လ်ဂျီယံ | (၂၅)မိနစ် | ဝင် |
| ဘန်ဇီမာ | ပြင်သစ် | ၅-၂ | ဆွစ်ဇာလန် | (၃၂)မိနစ် | မဝင် |
| ဆမာရက်စ် | ဂရိ | ၂-၁ | အိုင်ဗရီကို့စ် | (၉၃)မိနစ် | ဝင် |